ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

အငြမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၁၃-၆-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဒေါက်တာစိုင်းဆိုင်ကျော့ကဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဆေးရုံတက်ရောက်ကုသ။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေမူကြမ်းဆွေးနွေးရေးဆွဲရေး အစည်းအဝေးတက်ရောက်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဇာတိ။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ကျိန်ငိုက်မန်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကော်မတီတာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးမျိုးထွန်းအောင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မိခင်ဖြစ်သူနာရေးကိစ္စ။ ဗိုလ်ကြီးပန်းအိစံ၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မင်္ဂလာဆောင် ကိစ္စဆောင်ရွက်ရန်နှင့် မန်းတိုးရွှေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ မိခင်ဖြစ်သူ ကျန်းမာရေးကိစ္စ တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၄)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၃)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းသည့် မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံအတွင်း လက်ကိုင်ဖုန်း၊ ဖေ့စ်ဘွတ် (FB)မှတစ်ဆင့် ကြော်ငြာစည်းရုံးပြီး ကျောင်းသား၊ လူငယ်များနှင့် ပြည်သူများအကြား ထိုးဖောက်ဝင်ရောက်လာသည့် လောင်းကစားနည်းတစ်မျိုးဖြစ်သော ရှမ်းကိုးမီး ဖဲကစားနည်း(ခ) Shan Koe Mee Zingplay သည် ပြည်သူများထံမှ လောင်းကြေးငွေများကို နည်းအမျိုးမျိုးဖြင့်ရယူနေပါသဖြင့် အဆိုပါလောင်းကစားနည်းကို တားမြစ်ပိတ်ပင်ရန်နှင့် လောင်းကစားဒိုင်များကို ထိရောက်စွာ ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် က မြန်မာနိုင်ငံအတွင်း လက်ကိုင်ဖုန်း၊ ဖေ့စ်ဘွတ် (FB) မှတစ်ဆင့် ကြော်ငြာစည်းရုံးပြီး ကျောင်းသား၊ လူငယ်များနှင့် ပြည်သူများအကြား ထိုးဖောက်ဝင်ရောက်လာသည့် လောင်းကစားနည်းတစ်မျိုးဖြစ်သော ရှမ်းကိုးမီးဖဲကစားနည်း(ခ) Shan Koe Mee Zingplay သည် ပြည်သူလူထုထံမှ လောင်းကြေးငွေများကို နည်းအမျိုးမျိုးဖြင့် ရယူနေပါသဖြင့် အဆိုပါ လောင်းကစားနည်းကို တားမြစ်ပိတ်ပင်ရန်နှင့် လောင်းကစားဒိုင်များကို ထိရောက်စွာ ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ မေးမြန်းရတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး တင်ပြလိုတာက ကမ္ဘာကြီးဟာ နေ့စဉ်နှင့်အမျှ ဆန်းသစ်လာတာနှင့်အတူ ကျွန်မတို့ လူသားများကို အကျိုးပြုတာ၊ အကျိုးပြုတဲ့ ကိစ္စများရှိသလိုပဲ လူသားတွေ၊ ပျက်စီးရာ ပျက်စီးကြောင်း ကိစ္စရပ်တွေဟာလည်း နေ့စဉ်ဒွန်တွဲပြီးတော့ ပေါ်ပေါက်နေပါတယ်။ အခု မြန်မာနိုင်ငံမှာ အင်တာနက်လိုင်းတွေ ကောင်းမွန်လာတာနှင့်အမျှ ပြည်တွင်းမှာ မိုဘိုင်းဖုန်း အသုံးပြုမှုတွေဟာလည်း လူတိုင်းနီးပါး ကိုင်တွယ်သုံးစွဲလာခြင်း၊ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ အွန်လိုင်းဝန်ဆောင်မှုတွေကလည်း တွင်ကျယ်လာပါတယ်။ ဒါကြောင့်မို့လို့ အင်တာနက်အပါအဝင် ဆက်သွယ်ရေးကွန်ရက်တွေအပေါ်မှာ ဥပဒေနှင့်မညီတဲ့ အီလက်ထရောနစ်နည်းပညာသုံး အွန်လိုင်းလောင်းကစားမှုတွေဟာလည်းပဲ ထွန်းကားလာတာကို တွေ့ရပါတယ်ရှင်။ အထူးသဖြင့် လွန်ခဲ့တဲ့ တစ်နှစ်ကျော်ခန့်ကတည်းက ရှမ်းကိုးမီး ဖဲကစားနည်းဟာ လောင်းကြေးငွေတွေနဲ့ အလောင်းကစားပြုလုပ်ပြီးတော့ ပြည်သူတွေအကြား ထိုးဖောက်ဝင်ရောက်လာပါတယ်။ ရှမ်းကိုးမီး ဖဲကစားနည်းလိုပဲ တခြားနာမည်တွေနဲ့လည်းပဲ အွန်လိုင်းလောင်းကစား ဝန်ဆောင်မှုတွေ ရှိကြောင်း ကျွန်မတို့ လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခုခေတ်မှာ ဖဲဝိုင်းရှိတဲ့နေရာကို လူကိုယ်တိုင်သွားဖို့ မလိုအပ်ဘဲ ကျွန်မတို့ အွန်လိုင်းပေါ်မှာပဲ ဖဲရိုက်နိုင်ပြီးတော့ အနိုင်၊ အရှုံးအတွက်ကိုလည်းပဲ အပြင်မှာ တကယ့်ငွေကြေးတွေ

နဲ့အလောင်းအစားပြုလုပ်နေတာကို တွေ့ရှိရပါတယ်။ ဆက်သွယ်ရေးကွန်ရက်အပေါ်မှာ လူမှုကွန်ရက်၊ စာမျက်နှာ Page ထောင်ပြီးတော့ အွန်လိုင်းလောင်းကစားမှု ပြုလုပ်ဖို့အတွက် ပိုက်ဆံသွင်းထားပြီးတော့ စာရင်းဖွင့်လှစ်ကာ ကျွန်မတို့လောင်းကစား ပြုလုပ်နေကြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မူလတုန်းကတော့ လူတွေအနေနဲ့က အပျော်သဘောမျိုး ကျွန်မတို့ အနည်းဆုံး ငွေကျပ် (၂၀၀၀)လောက်က စပြီးတော့ ဝင်ကစားနိုင်ကြပါတယ်။ နောက်ပိုင်းမှာတော့ တဖြည်းဖြည်း လောင်းကြေးငွေတွေ မြင့်မားလာပြီးတော့ တချို့ဆိုရင် တစ်ညမှာ ကျပ်တစ်သိန်း၊ ကျပ်နှစ်သိန်းအထိ ငွေကြေးဆုံးရှုံးမှုတွေ ရှိလာကြတယ်လို့သိရပါတယ်။ မူလဝင်ကစားတုန်းကတော့ ကျွန်မတို့ အပျော်သဘောမျိုးဖြစ်သော်လည်းပဲ နောက်ပိုင်းမှာ တဖြည်းဖြည်း လောင်းကစားစွဲလာပြီးတော့ စီးပွားရေးပျက်ပြားတဲ့အထိ ဖြစ်လာကြတယ်လို့ အဲဒီ ဖဲကစားကြတဲ့ မိသားစုဝင်တွေရဲ့ ပြောပြချက်အရ သိရပါတယ်ရှင်။

အဲဒီ ဖဲကစားနည်းအတွက် လျော်ကြေးငွေထုတ်ပေးခြင်းကိုတော့ မူလလက်ဦးဒိုင်က ပြည်မြို့မှာ အခြေစိုက်လုပ်ကိုင်နေပြီးတော့ လက်ခွဲဒိုင်တွေကတော့ မြို့ကြီးတိုင်းလိုလိုမှာ ရှိတယ်လို့ ကျွန်မတို့သိရပါတယ်။ အဲဒီဒိုင်တွေမှာ မိမိရဖို့နှင့် လျော်ဖို့ရှိတဲ့ လောင်းကြေးငွေတွေကို အပေးအယူ ပြုလုပ်ပြီးတော့ ထုတ်ယူနိုင်တယ်လို့လည်း သိရပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ အတန်းတင်စာမေးပွဲပြီးတဲ့အချိန် မတ်လလောက်ကစပြီးတော့ ရှမ်းကိုးမီးဖဲကစားနည်းလို့ခေါ်တဲ့ (ခ) Shan Koe Mee Zingplay ဟာ Facebook ပေါ်မှာ ပေါ်ပေါ်ထင်ထင်ကြော်ငြာပြီးတော့ စည်းရုံးလှုံ့ဆော်နေတဲ့အတွက် မသိနားမလည်တဲ့ ကျောင်းသားလူငယ်တွေ၊ အလုပ်သမားတွေနဲ့ တောင်သူလယ်သမားများကြားမှာ တွင်ကျယ်လာပြီးတော့ တစ်နိုင်ငံလုံး လောင်းကစားမှုတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာတာကို တွေ့ရပါတယ်။

အထူးသဖြင့် ဒီလောင်းကစားမှုတွေကြောင့် တရားဥပဒေစိုးမိုးမှုကိုလည်းပဲ ထိခိုက်လာစေပါတယ်။ အခုအချိန်မှာ နိုင်ငံတော်အနှံ့မှာ ခိုးဆိုးလုယက်မှုတွေဟာလည်းပဲ သတင်းစာမှာ နေ့စဉ်နှင့်အမျှ ဖတ်ရှုနေရပါတယ်ရှင်။ လူတိုင်း မိုဘိုင်းဖုန်းကိုင်တွယ်လာနိုင်တဲ့အချိန်မှာ ပြည်သူလူထုအတွင်းမှာ လောင်းကစားမှုတွေပြုလုပ်ဖို့အတွက် Facebook ကနေတစ်ဆင့် လောင်းကစား ဒိုင်ကြီးတွေက စည်းရုံးလှုံ့ဆော်နေတာကို သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းတွေက စနစ်တကျ တားဆီးဖို့လိုအပ်နေပြီ ဖြစ်ပါတယ်။ လောင်းကစားမှုကြောင့် မိမိရဲ့အိမ်တွင်းရေးက ပထမ ပျက်စီးထိခိုက်နိုင်ပြီးတော့ နောက်ပိုင်းမှာ ရပ်ရွာ၊ မြို့နယ်၊ နိုင်ငံအထိ ထိခိုက်စေနိုင်ပါတယ်ရှင်။ အထူးသဖြင့် အခုလို နိုင်ငံတော်ကို ပြန်လည်တည်ဆောက်နေတဲ့ အချိန်မှာ ပြည်သူတွေဟာ လောင်းကစားမှုတွေထဲမှာ နစ်မွန်းနေမယ်ဆိုရင် နိုင်ငံတော်ရဲ့ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကို အတားအဆီးသဖွယ် ဖြစ်စေနိုင်ပါတယ်။

လက်ရှိနိုင်ငံတော်မှာ ပြဋ္ဌာန်းထားတဲ့ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေမှာလည်းပဲ အီလက်ထရောနစ်နည်းနဲ့ လောင်းကစားခြင်းကို အရေးယူနိုင်တဲ့ ဥပဒေပြဋ္ဌာန်းချက်များ မပါရှိသေးပါဘူး။ ဒါကြောင့် ကျွန်မတို့ လောင်းကစားဥပဒေကိုလည်းပဲ အမြန်ဆုံးပြန်ပြင်ဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးကို Power Point အသုံးပြုခွင့်ပေးပါရန် လျှောက်ထားအပ်ပါတယ်ရှင်။ ဒါက

လူငယ်တွေကို စည်းရုံးဆွဲဆောင်နေတဲ့ ရှမ်းကိုးမီးကစားဖို့ ကြော်ငြာများ ဖြစ်ပါတယ်ရှင်။ ဒါလည်း ကြော်ငြာဖြစ်ပါတယ်။ ဒါလည်း ကြော်ငြာ ဖြစ်ပါတယ်။ ဒါကတော့ ကစားချင်တဲ့ လူတွေအနေနဲ့ ကျွန်မတို့ အသင်းဝင်ဖို့အတွက် အမှတ်အသား ဖြစ်ပါတယ်။ ဒါကတော့ ကစားပြီးရင်ပြန်ထွက်ဖို့ အတွက် အမှတ်အသား ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။

အဲဒီအတွက်ကြောင့်မို့လို့ ဒီ အီလက်ထရောနစ် လောင်းကစားနည်းကိစ္စကို ပြည်ထဲရေး ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းသွားမှာကို သိလိုတဲ့အတွက် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မတို့ ပြည်သူများရဲ့အကျိုးကိုရှေးရှုပြီးတော့ မေးမြန်းလိုက်ရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။


ရှမ်းကိုးမီးကစားရန် လူငယ်များအား စည်းရုံးဆွဲဆောင်သည့် ကြော်ငြာများ၏ မြင်ကွင်းပုံ(ဘ)



ရှမ်းကိုးမီးကစားရန်အတွက် အသင်းဝင်ခြင်းပြပုံ(ဘ-၁)



ရှမ်းကိုးမီးကစားပွဲမှ နုတ်ထွက်ခြင်း ပြပုံ(ဘ-၂)




**မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး တိုးတက်မှုနှုန်းသည် ၂၀၁၈ ခုနှစ်၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း GDP လျာထားချက်အရ (၇.၂ %)ရာခိုင်နှုန်း တိုးတက်ရန်ဖြစ်ပြီး ယင်းမျှော်လင့်ချက်များ ပိုမိုပေါက်မြောက် အောင်မြင်စေရန်အတွက် မြန်မာအမျိုးသမီးများကို နိုင်ငံတကာ ပင်လယ်ရေကြောင်းလောကတွင် အမျိုးသမီးသင်္ဘောသားများ (Seafarers) အဖြစ်လည်းကောင်း၊ ခရီးသည်တင်သင်္ဘောများတွင် ပိုမို၍ အလုပ်အကိုင် အခွင့်အလမ်း ရစေရန်အတွက်လည်းကောင်း၊ တရားဝင်လုပ်ကိုင်ခွင့် ရရှိရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ လုပ်ငန်းဆိုင်ရာ လက်မှတ်များ ထုတ်ပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးခြင်းနှင့် နိုင်ငံတကာရှိ သင်္ဘောကုမ္ပဏီများနှင့် ချိတ်ဆက်ကာ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးခြင်းများ အမြန်ဆုံး လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း က မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး တိုးတက်မှုနှုန်းသည် ၂၀၁၈ ခုနှစ်၊ နိုင်ငံတော်၏ အမျိုးသား စီမံကိန်း GDP လျာထားချက်အရ (၇.၂)ရာခိုင်နှုန်း တိုးတက်ရန်ဖြစ်ပြီး ယင်းမျှော်လင့်ချက်များ ပိုမို ပေါက်မြောက်အောင်မြင်စေရန်အတွက် မြန်မာအမျိုးသမီးများကို နိုင်ငံတကာပင်လယ်ရေကြောင်း လောကတွင် အမျိုးသမီးသင်္ဘောသားများ (Seafarers) အဖြစ်လည်းကောင်း၊ ခရီးသည်တင် သင်္ဘော များတွင် ပိုမို၍ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက်လည်းကောင်း၊ တရားဝင်လုပ်ကိုင်ခွင့် ရရှိရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းဆိုင်ရာ လက်မှတ်များ ထုတ်ပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးခြင်းနှင့် နိုင်ငံတကာရှိ သင်္ဘောကုမ္ပဏီများနှင့် ချိတ်ဆက်ကာ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးခြင်းများ အမြန်ဆုံး လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် လေ့လာသူပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ အထက်ပါမေးခွန်းနှင့်ပတ်သက်ပြီး အဓိက ရည်ရွယ်ချက်(၇)ချက်ရှိပါတယ်။ ဒီရည်ရွယ်ချက်တွေကို Slide No 2 မှာ လေ့လာနိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအစိုးရ ခွင့်ပြုချက်နှင့် အခြားနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားများ နှစ်စဉ်မှတ်တမ်းများအရ ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အလုပ်အကိုင်အခွင့်အလမ်းများဟာ များလာခဲ့ပါတယ်။ (၆)နှစ်အတွင်းမှာ အလုပ်အကိုင်ဖန်တီးမှုဟာ (၁၀)ဆကျော် တိုးမြင့်လာခဲ့သလို နိုင်ငံတကာ အလုပ်အကိုင်အခွင့်အလမ်းတွေဟာလည်း တဖြည်းဖြည်း ကျယ်ပြန့်လာနေပါတယ်။ ၂၀၁၇ ခုနှစ်၊ ကုလသမဂ္ဂကိန်းဂဏန်းအရ (၁၈.၇)သန်းဟာ အလုပ်လုပ်ကိုင်နိုင်တဲ့ အမျိုးသမီးများဖြစ်တဲ့အတွက်ကြောင့် နောင်လာမယ့်နှစ်တွေမှာ မြန်မာအမျိုးသမီးထုအတွင်း အလုပ်အကိုင်ဖန်တီးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းတွေဟာ ပိုမိုလိုအပ်လာမှာ ဖြစ်ပါတယ်။

မြန်မာ့လူ့အဖွဲ့အစည်းအတွက် အစဉ်အလာမဟုတ်ခဲ့တဲ့ အလုပ်အကိုင်တစ်ခုအနေနဲ့ တင်ပြရမယ်ဆိုရင် အမျိုးသမီးများအတွက် ပင်လယ်ရေကြောင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း တစ်ခုဟာလည်း အပါအဝင် ဖြစ်ပါတယ်။ ဒီလုပ်ငန်းက အမျိုးသားထုကကြီးစိုးလာတဲ့ အသက်မွေးဝမ်းကျောင်း အတတ်ပညာဖြင့် လူသိများပါတယ်။ သို့သော်လည်း ၂၀၀၅ခုနှစ်၊ ILO(International Labour Organization) က (၂၉၄)ကြိမ်မြောက်ညီလာခံမှ စပြီးတော့ Seaman လို့ ခေါ်မဲ့အစား ကျား၊ မ မခွဲခြားတဲ့ Seafarer လို့ ပြောင်းလဲခေါ်တွင်စေခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ ပင်လယ်ရေကြောင်းဆိုင်ရာ အသက်မွေးမှုအလုပ်အကိုင်ဟာ အမျိုးသားများသာမက အမျိုးသမီးများပါ တန်းတူလုပ်ကိုင်နိုင်ခွင့်ရှိရမယ်လို့ ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မှလည်း ၂၀၁၅ ခုနှစ်၊ မေလမှာ ILO မှချမှတ်ထားတဲ့ သင်္ဘောသားများရဲ့အကျိုးကို ကာကွယ်တဲ့ Maritime Labour Convention 2006(MLC 2006) က လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါကြောင့်မို့လည်း ၂၆-၅-၂၀၁၆ ခုနှစ်မှစပြီး (၇၅)နိုင်ငံမြောက် ILO Member State For MLC 2006 အဖြစ် သတ်မှတ်ခံရပြီး ဆက်လက် သက်ဝင်လှုပ်ရှားနေပါတယ်။ ဒီ MLC 2006 Convention မှာပါတဲ့ ဥပဒေသစ်များအနက် အမျိုးသမီးများအတွက် အရေးကြီးတဲ့ အချက်တို့ကို Slide No 11 မှာ လေ့လာနိုင်ပါတယ်။ ယနေ့ ကမ္ဘာပေါ်ရှိ Seafarer သင်္ဘောသားဦးရေဟာ (၁.၂၅)သန်းထဲမှာ အမျိုးသမီး Female Seafarers ဦးရေဟာ (၂)ရာခိုင်နှုန်း(၂၅၀၀၀)ခန့်ရှိနေပါတယ်။ အဲဒီထဲမှာ (၆)ရာခိုင်နှုန်း သို့မဟုတ် ၁၅၀၀ ခန့်ဟာ ကုန်တင်သင်္ဘောတွေမှာ အလုပ်လုပ်ကိုင်နေပါတယ်။ အဲဒီထဲမှာ (၉၄)ရာခိုင်နှုန်း ဒါမှမဟုတ်

(၂၃၅၀၀)ခန့်ဟာ ပင်လယ်ကူးခရီးသည်တင် သင်္ဘောများ (Cruise Liner Passenger Ship)ပေါ်မှာ Hotel ဝန်ထမ်း အရာရှိ၊ အရာခံများအဖြစ် ထမ်းဆောင်နေကြတာကို တွေ့ရပါတယ်။

ယနေ့ ကမ္ဘာ့ပင်လယ်ကူးခရီးသည်တင် သင်္ဘောသားလုပ်ငန်းဟာ အကြီးအကျယ်အောင်မြင်လျက်ရှိပြီးတော့ သင်္ဘောသစ်ကြီးတွေ ပိုမိုကောင်းမွန်အောင် ကြိုးစားတည်ဆောက်လျက်ရှိပါတယ်။ လာမယ့် ၂၀၂၀ ပြည့်နှစ်အတွက် အမေရိကန်ဒေါ်လာ(၂၅.၆)ဘီလီယံခန့် ရင်းနှီးမြှုပ်နှံပြီး ခရီးသည်တင် သင်္ဘောအသစ်စီးရေ(၅၅)စီးခန့် တည်ဆောက်ပြီးစီးကာ ပြေးဆွဲမယ်လို့ သိရပါတယ်။ ဒီခရီးသည်တင် သင်္ဘောတစ်စီးမှာ သင်္ဘောသားဝန်ထမ်း (၈၀၀)က (၁၅၀၀)ထိ လိုအပ်တဲ့အတွက် လာမယ့်နှစ်တွေမှာ ခရီးသည်တင် သင်္ဘောသားဝန်ထမ်းဦးရေ လေးသိန်းခန့်ကျော် လိုအပ်နေတဲ့အတွက် ဒီနေရာတွေမှာ ယဥ်ကျေးပျူငှာတဲ့ အရှေ့အာရှမှ အမျိုးသမီးသင်္ဘောသားများကို ရွေးချယ်ခန့်ထားဖို့အတွက် ပိုမိုအားသန်လျက်ရှိကြောင်း သိရပါတယ်။

ဂျာမနီ အခြေစိုက် Cruise Liner ကုမ္ပဏီတစ်ခုကလည်း မြန်မာနိုင်ငံမှ အမျိုးသမီး သင်္ဘောသားများကို ပြည်တွင်းမှာ လေ့ကျင့်သင်ကြားပေးပြီး အလုပ်ခန့်ရန်အတွက် လုပ်ဆောင်နေကြောင်းကိုလည်း သိရှိရပါတယ်။ ဝန်ထမ်းလိုအပ်ချက်ဟာ ဟိုတယ်ဌာန အခြေခံအလုပ်သမားအဆင့်မှာ ဆိုတာတောင်မှ အင်္ဂလိပ်စကားကို သာမန်အဆင့်ပြောတတ်ရုံနှင့် အလုပ်ရရှိနိုင်ပါတယ်။ အခြေခံလစာ အားဖြင့်တော့ အမေရိကန်ဒေါ်လာ(၈၀၀)နှင့် ဟော်တယ်ဆုကြေး အပါအဝင်ဆိုရင် စုစုပေါင်း အမေရိကန်ဒေါ်လာ(၁၀၀၀)ကနေ (၁၅၀၀)ခန့်အထိ ရရှိနိုင်ပါတယ်။ နေစရာ၊ စားစရာ၊ ဝတ်စရာပါအလကားရတဲ့ အတွက် အရင်းမစိုက်လှေထိုးလိုက်ဆိုတဲ့ စကားပုံက သင်္ဘောသားများအတွက် ရည်ရွယ်ထားတာ ဖြစ်ပါတယ်။ လက်ရှိ မြန်မာအမျိုးသား၊ အမျိုးသမီးတွေဟာ နိုင်ငံခြားမှာရှိတဲ့ သင်္ဘောတွေမှာ Passenger Ship တွေမှာ မြန်မာလက်မှတ်မရှိဘဲ မိမိဘာသာ အဆင်ပြေတဲ့နည်းနဲ့ လုပ်ကိုင်နေတာ လူပေါင်း (၈၀၀)၊ (၁၀၀၀)ခန့်ရှိနေတာ တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ (International Maritime Organization) ဆိုတဲ့ နိုင်ငံတကာ ရေကြောင်းအဖွဲ့အစည်းရဲ့ ပြဋ္ဌာန်းချက်အရ ပင်လယ်ကူးသင်္ဘောပေါ်မှာ သွားရောက်တာဝန်ထမ်းဆောင်တဲ့ မည်သည့်နိုင်ငံမှ သင်္ဘောသားမဆို သက်ဆိုင်ရာနိုင်ငံမှ ထုတ်ပေးတဲ့ သင်္ဘောသားဖြစ်ကြောင်းသက်သေခံလက်မှတ်နဲ့ မှတ်တမ်းစာအုပ် (Seafarer's ၊ Identification Record Book) ရှိရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ တကယ်လို့ နိုင်ငံတော်မှ ထုတ်ပေးထားတဲ့ ဒီစာအုပ် မရှိဘူးဆိုလျှင် တရားဝင်ရသင့်ရထိုက်တဲ့အခွင့်အရေး မြန်မာအမျိုးသမီးသင်္ဘောသားအတွက် လက်လွတ် နစ်နာဆုံးရှုံး ရမည်ဖြစ်ပါသောကြောင့် အထက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

အဓိကရည်ရွယ်ချက်(၇)ချက်အား ပြသသည့်ပုံ(မ)

**ရည်ရွယ်ချက်များ**

(၁) Job Creation (အလုပ် အကိုင် ဖန်တီးခြင်း) နဲ့ Job Opportunity (အလုပ်အကိုင်အခွင့်အလမ်း) ထွန်းကားလာခြင်း။ (ဖွဲ့-၃၁)

(၂) နိုင်ငံခြားဝင်ငွေ ပိုမိုရရှိကာ စီးပွါးရေးတိုးတက်လာခြင်း။( ဖွဲ့- ၃၆ (ဂ)

(၃) အမျိုးသမီးများ၏ရပိုင်ခွင့်များ (Rights) တိုးတက်ကာ၊ ကျား-မ ခွဲခြားဆက်ဆံမှု လျော့ပါးလာစေခြင်း။ (ဖွဲ့-၂၁(က)


(၄) မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်ကဏ္ဍကို နိုင်ငံတကာနှင့် ယှဉ်ကာဆောင်ရွက်နိုင်စေခြင်း။ (ဖွဲ့-၂၅ )

(၅) ခေတ်ကာလနှင့် မလျော်ညီသော မြန်မာ့ဓလေ့အယူအစွဲများကိုနည်းပါးစေကာ အမျိုးသမီးများ မိမိကိုယ်ယုံကြည်မှု ပိုမိုနိုင်မာလာစေခြင်း။

(၆) လက်ရှိအခက်အခဲဖြစ်နေသည့် ခရီးသည်တင်သင်္ဘောများ (Cruise Liners & Passenger Ships) တွင်တာဝန်ထမ်းဆောင်နေသော မြန်မာအမျိုးသမီးများ နိုင်ငံတကာစံနှုန်းအရ အခွင့်အရေးရရှိစေနိုင်ခြင်း။ (ဖွဲ့-၂၄)

(၇) တရားဝင်ခွင့်ပြုသောကြောင့် ကမ္ဘာ့အလယ်မျက်နှာမငယ်ဘဲ၊ ပြဿနာများကို နိုင်ငံတော်မှလွယ်ကူစွာဖြေရှင်း ဆောင်ရွက်ပေးနိုင်ခြင်း။ စသည်အခွင့်အလမ်း များကို ရရှိ စေနိုင်မှာ ဖြစ်ပါတယ်။

မြန်မာအလုပ်သမားများ နိုင်ငံခြားသွားရောက်လုပ်ကိုင်မှုပြ ဂရပ်(၂၀၁၀-၂၀၁၆)ပုံ(မ-၁)




မြန်မာနိုင်ငံပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး ရေယာဥ်များ၏ မြင်ကွင်းပုံ(မ-၂)



## ချင်းပြည်နယ်၊ မတူပီမြို့တွင် မကြာခဏ လိုင်းပျက်နေသော အော်တိုအိတ်ချိန်း ဖုန်းလိုင်းကို စက်ကိရိယာ အသစ်လဲလှယ်၍ ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီမြို့တွင် မကြာခဏလိုင်းပျက်နေသော အော်တိုအိတ်ချိန်းဖုန်းလိုင်းများကို စက်ကိရိယာ အသစ်လဲလှယ်၍ ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမြို့တွင် မကြာခဏလိုင်းပျက်နေသော အော်တိုအိတ်ချိန်းလိုင်းကို စက်ကိရိယာ အသစ်လဲလှယ်၍ ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့တွင် ၂၀၀၉ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် အော်တိုအိတ်ချိန်းဖုန်းလိုင်းကို စတင်တပ်ဆင်အသုံးပြုခဲ့ပါတယ်။ ယခုအခါ (၉)နှစ်ကျော် ကြာလာသည်နှင့်အမျှ မကြာခဏဆိုသလို လိုင်းကပျက်နေပြီး မတူပီမြို့ပေါ်ရှိ ဌာနဆိုင်ရာများနှင့် မိမိတို့နှင့်သက်ဆိုင်သည့် ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ရုံးချုပ်နေပြည်တော်အထိ ဖက်(စ်) လုပ်ငန်းနှင့် စာအသွားအလာလုပ်တဲ့အချိန်မှာ မကြာခဏဆိုသလို အမြဲတမ်း ဒုက္ခများစွာနှင့် ရင်ဆိုင်ခဲ့ရပါတယ်။ ထို့အပြင် ဥပမာတစ်ခုအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် မတူပီမြို့နယ်ရှိ ဌာနဆိုင်ရာပေါင်းစုံနှင့် ပြည်သူလူထု အားကိုးတဲ့ တစ်ခုတည်းသော မြန်မာ့စီးပွားရေးဘဏ်ဆိုလို့ရှိရင် ငွေပို့ခြင်း၊ ငွေလွှဲခြင်းကို မကြာခဏ ရပ်ဆိုင်းခဲ့ရပါတယ်။ မတူပီမြို့ဟာ အခြားပုဂ္ဂလိကဘဏ်တွေလည်း မရှိသေးတဲ့အတွက်ကြောင့်မို့လို့ ငွေကြေးစီးဆင်းလည်ပတ်မှုကိုလည်း များစွာထိခိုက်ပါတယ်။ ယခုဆိုလျှင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်မှစ၍ ယနေ့အထိ (၆)လနီးပါး ငွေပို့ခြင်း၊ ငွေလွှဲခြင်းကိုလည်း ရပ်ဆိုင်းခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီမြို့ဟာဆိုလို့ရှိရင် ယခင်တပ်မတော်အစိုးရလက်ထက်တုန်းက ချင်းပြည်နယ်၊ ဒုတိယမြို့တော်အဖြစ် သတ်မှတ်ပြီး ပယက ဒုတိယဥက္ကဋ္ဌရုံးထိုင်ခဲ့တဲ့ မြို့လည်း ဖြစ်ပါတယ်။ မတူပီမြို့ဟာ နိုင်ငံတော်သမ္မတရုံးက ၂၆-၆-၂၀၁၇ ရက်နေ့မှာ စာအမှတ် ၅၀၈(၆၄)/၁၂/ သမ္မတရုံးဖြင့် ခရိုင်ရုံးစိုက်ရာမြို့အဖြစ် တိုးချဲ့သတ်မှတ်ပေးပြီး ၂၈ - ၆ - ၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စု လွှတ်တော်က အတည်ပြုပြီး မကြာမီ ခရိုင်ရုံးများ ဖွင့်လှစ်ရုံးထိုင်တော့မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ချင်းပြည်နယ်၊ မတူပီခရိုင်၊ မတူပီမြို့တွင် မကြာခဏလိုင်းပျက်နေသော အော်တိုအိတ်ချိန်းလိုင်းကို စက်ကိရိယာအသစ်ဖြင့် ပြန်လည် တပ်ဆင်

ပေးရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ အားလုံးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ရှေးဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ၏ မြန်မာနိုင်ငံအတွင်း လက်ကိုင်ဖုန်း၊ Facebook(FB)မှတစ်ဆင့် ကြော်ငြာစည်းရုံးပြီး ကျောင်းသား၊ လူငယ်များနှင့် ပြည်သူများအကြား ထိုးဖောက်ဝင်ရောက်လာသည့် လောင်းကစား နည်းတစ်မျိုးဖြစ်တဲ့ ရှမ်းကိုးမီး ဖဲကစားနည်း(ခ) Shan Koe Mee Zingplay သည် ပြည်သူများထံမှ လောင်းကြေးငွေများကို နည်းအမျိုးမျိုးဖြင့် ရယူနေပါသဖြင့် အဆိုပါ လောင်းကစားနည်းကို တားမြစ်ပိတ်ပင်ရန်နှင့် လောင်းကစားဒိုင်များကို ထိရောက်စွာ ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ရှမ်းကိုးမီး ဖဲကစားနည်း (ခ) Shan Koe Mee Zingplay ဂိမ်းဟာဆိုရင် Google Play Store သို့မဟုတ် Shan Koe Mee Zingplay Facebook စာမျက်နှာကနေပြီးတော့ Game Application ကို မိမိရဲ့ Mobile Phone သို့မဟုတ် Tablet မှာ Install လုပ်ပြီး Member Account ဖွင့်ရန် ကစားမည့်သူ၏ စကားဝှက် သို့မဟုတ် Facebook Google Account ဖြင့် ဝင်၍ကစားရသော Online Game တစ်မျိုးဖြစ်ပြီး ကစားရန်အတွက် ကနဦးလက်ဆောင်ပေးတဲ့ Gold တိုကင်များဖြင့် စတင်ကစားနိုင်ပြီး ဆက်လက် ကစားလိုပါက MPT, Telenor, Ooredoo ဖုန်းတစ်ခုခု၏ ဖုန်းကြိုတင်ငွေဖြည့်စာရင်းလက်ကျန် Prepaid Balance မှ ဝယ်ယူအသုံးပြု၍ ကစားရသည့် ဂိမ်းတစ်မျိုးဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလိုပဲ Facebook မှတစ်ဆင့် ကြော်ငြာစည်းရုံးပြီး ပြည်သူများအကြား ထိုးဖောက်ဝင်ရောက်လာတဲ့ ဂိမ်းကစားနည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Shan Koe Mee Zingplay ဂိမ်းဟာဆိုရင် လောင်းကစားနည်းတစ်မျိုးဟု ဆိုနိုင်သော်လည်း အမှန်တကယ် ငွေသားအလျော်အစားပြုလုပ်နိုင်သည့်

ကစားနည်းမဟုတ်ဘဲ ဆက်သွယ်ရေး Operator များအနေဖြင့် Online Payment ဝန်ဆောင်မှု လုပ်ငန်းများမှတစ်ဆင့် ဖုန်းအသုံးပြုသူများအတွက် အပိုဝန်ဆောင်မှု Value - Added Service တစ်ခုအဖြစ် ကြိုတင်ပေးသွင်းထားတဲ့ ဖုန်းကြိုတင်ငွေဖြည့်လက်ကျန်စာရင်းကို အသုံးပြု၍ ဂိမ်း အတွင်းတွင်သာ တိုကင်များဝယ်ယူ၍ အနိုင်အရှုံးကစားခြင်းသာဖြစ်ပြီး ဂိမ်းအတွင်းမှ တိုကင်များကို အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် ငွေသားအဖြစ် ကစားသူအချင်းချင်း လွှဲပြောင်းပေးခြင်း၊ ဂိမ်း၏ ဒိုင်မှ ပြန်လည်ထုတ်ယူခြင်းများ ပြုလုပ်၍မရနိုင်သည်ကို စိစစ်တွေ့ရှိရပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနမှ Shan Koe Mee Zingplay လောင်းကစားဂိမ်းနှင့်ပတ်သက်တဲ့ Page များ၊ Account များကို ထိန်းချုပ်နိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် MPT, Telenor, Ooredoo တို့အား ညွှန်ကြားချက်ထုတ်ပြန်ရန် လိုအပ်ပါကြောင်း အဆိုပါ လောင်းကစားဂိမ်းများနှင့်ပတ်သက်၍ ကစားသူများအား ချိတ်ဆက်ဆောင်ရွက်ပေးသူများနှင့် လောင်းကြေးငွေ အပေးအယူကိစ္စရပ်များအတွက် ဆောင်ရွက်ပေးသူများကို မြေပြင်သတင်းဖော်ထုတ်၍ တားဆီးအရေးယူမှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် Online ကို အသုံးပြု၍ လောင်းကစားသူအချင်းချင်း ဆက်သွယ်ချိတ်ဆက်ပေးသူ ငွေပေး/ငွေယူကိစ္စများအား ဆောင်ရွက်နေသူများကို စုံစမ်းဖော်ထုတ်၍ သက်သေအထောက်အထားခိုင်လုံစွာဖြင့် ဖမ်းဆီးရမိရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Shan Koe Mee Zingplay ဂိမ်းအပါအဝင် အခြား Online ဂိမ်းများကို Internet မှတစ်ဆင့် ရယူဆော့ကစားခြင်းအား လိုင်စင်ရ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ထိန်းချုပ်၍မရနိုင်သော်လည်း လောင်းကစားဥပဒေနှင့် ငြိစွန်းသည့် ငွေသား အလျော်အစားရှိတဲ့ဂိမ်းမျိုးကို Online မှာဆော့ကစားရာတွင် အသုံးပြုတဲ့ တိုကင်၊ ဇယ်ပြား စသည်တို့ကို ဖုန်းကြိုတင်ငွေဖြည့်စာရင်းလက်ကျန်ထဲမှာ ဝယ်ယူဆော့ကစားခြင်းမပြုနိုင်ရန် ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရကုမ္ပဏီများသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ညွှန်ကြားဆောင်ရွက်နိုင်ပါတယ်။ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ ထုတ်ပေးရာမှာ မြန်မာနိုင်ငံရဲ့ တည်ဆဲ ဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် စည်းကမ်းချက်တစ်ရပ်အဖြစ် ထည့်သွင်း သတ်မှတ်ထားပါတယ်။ တစ်ဖက်မှလည်း Mobile Operator လိုင်စင်များတွင် အသုံးပြုသူ (Consumer) များ အဆင်ပြေစေရေးအတွက် Google, Apple Store တွေကနေပြီးတော့ Application များအတွက် ဖုန်းကြိုတင်ငွေဖြည့်စာရင်းလက်ကျန်ကို အသုံးပြုနိုင်ရန် Value - Added Service အဖြစ် Direct Operator Billing ဝန်ဆောင်မှုပေးရန် စည်းကမ်းချက်လည်း ပါရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် Mobile ဆက်သွယ်ရေး Operator များအပါအဝင် ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရ ကုမ္ပဏီများသို့ Online ဂိမ်းများ၊ လောင်းကစားမှုများအပါအဝင် ဥပဒေနှင့် ငြိစွန်းနိုင်သည့်မည်သည့်လုပ်ဆောင်မှုမျိုး ကိုမဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်ဆောင်ရွက်ခြင်း လုံးဝ(လုံးဝ) မပြုလုပ်

ရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်ကို ၂၀၁၈ ခုနှစ် မေလ ၁၈ ရက်နေ့မှာ တရားဝင်စာဖြင့် အသိပေး အကြောင်းကြားထားပြီးဖြစ်ပါတယ်။

Mobile ဆက်သွယ်ရေး Operator များဖြစ်ကြတဲ့ MPT, Telenor နှင့် Ooredoo တို့မှလည်း တည်ဆဲဥပဒေများနှင့်အညီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားလာပါက လိုက်နာရန် အသင့်ရှိပါကြောင်း ပြန်လည်တင်ပြလာကြပါတယ်။ Mobile ဆက်သွယ်ရေး Operator များ အပါအဝင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရကုမ္ပဏီများက လောင်းကစားဥပဒေနှင့် ငြိစွန်းတဲ့ ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း အထောက်အထားခိုင်လုံပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၎င်းတို့အား ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၇ အရ စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းများဖြင့် အရေးယူနိုင်သည့်နည်းတူ ပြည်ထဲရေး ဝန်ကြီးဌာန အနေဖြင့်လည်း လောင်းကစားဥပဒေနှင့် တည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်သွား နိုင်မည် ဖြစ်ပါကြောင်း၊ ထို့အပြင် လိုင်စင်ရလုပ်ငန်းမဟုတ်တဲ့ တစ်ခြားလူ၊ ပုဂ္ဂိုလ်အဖွဲ့အစည်းများမှ Online Application များဖြင့် တရားမဝင်ဝန်ဆောင်မှုများ ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါက ပြည်ထဲရေးဝန်ကြီးဌာနမှ လောင်းကစားဥပဒေနှင့် တည်ဆဲဥပဒေများဖြင့် အရေးယူနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ၏ မြန်မာ နိုင်ငံရှိ လက်ရှိစီးပွားရေး တိုးတက်မှုနှုန်းဟာ ၂၀၁၈ ခုနှစ်၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း GDP လျာထားချက်အရ (၇.၂)ရာခိုင်နှုန်း တိုးတက်ရန်ဖြစ်ပြီး ယင်းမျှော်လင့်ချက်များ ပိုမိုပေါက်မြောက် အောင်မြင်စေရန်အတွက် မြန်မာအမျိုးသားများကို နိုင်ငံတကာ ပင်လယ်ရေကြောင်းလောကတွင် အမျိုးသမီးသင်္ဘောသားများ (Seafarers) အဖြစ်လည်းကောင်း၊ ခရီးသည်တင် သင်္ဘောများတွင် ပိုမို အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်အတွက်လည်းကောင်း၊ တရားဝင်လုပ်ကိုင်ခွင့်ရရှိရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ (၁) လုပ်ငန်းဆိုင်ရာ လက်မှတ်များ ထုတ်ပေးခြင်း၊ (၂) သင်တန်းများ ဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးခြင်း၊ (၃) နိုင်ငံတကာရှိ သင်္ဘောကုမ္ပဏီများနှင့် ချိတ်ဆက်ကာ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ အမြန်ဆုံး လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်က ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သည် နိုင်ငံခြားတိုင်းပြည်များ၏ ပင်လယ်ကူးသင်္ဘောများပေါ်မှာ တာဝန်ထမ်းဆောင်တဲ့ အမျိုးသား (Seafarers) များအား Seafarer Identification and Record Book - SIRB ဟုခေါ်သည့် သင်္ဘောသားဖြစ်ကြောင်း သက်သေခံလက်မှတ်နှင့် မှတ်တမ်းစာအုပ်ကို သတ်မှတ်ချက်များနှင့်အညီ

ထုတ်ပေးဆောင်ရွက်ပေးလျက်ရှိသော်လည်း အမျိုးသမီး Seafarers များအတွက်တော့ ထုတ်ပေးထားခြင်းမရှိသေးပါ။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာအလုပ်အကိုင်များနှင့် ပတ်သက်၍ လူကုန်ကူးခံရမှုများ၊ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများ ကြုံတွေ့နေကြရသဖြင့် လက်ရှိတွင် လုပ်သားလိုအပ်ချက်နှင့် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုတို့အတွက် ကမ်းနီးငါးဖမ်းလုပ်ငန်းများကို အမျိုးသားအလုပ်သမားစေလွှတ်နိုင်ရေးကိုပင် မူဝါဒများချမှတ်ဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိပါကြောင်း၊ ပင်လယ်ရေကြောင်းဆိုင်ရာအလုပ်အကိုင်များမှာဆိုရင် ဆက်သွယ်မှုခက်ခဲခြင်း၊ အလုပ်သမားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များရရှိရန် တာဝန်ရှိသူများမှ စည်းကြပ်ရန် ခက်ခဲမှုရှိခြင်း၊ အမျိုးသမီးများအတွက် လူမှုရေးပြဿနာများနှင့် အလုပ်သမားရေးရာပြဿနာများ များစွာ ဖြစ်ပွားနိုင်ခြင်းတို့အပြင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ အလုပ်သမားစေလွှတ်ရေးအတွက် အခြားသော လုပ်သားဈေးကွက်များ တိုးချဲ့ခွင့်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် ပင်လယ်ရေကြောင်း အလုပ်အကိုင်များမှာ အမျိုးသမီးများကို စေလွှတ်ခွင့်ပြုရန် အစီအစဉ်မရှိသေးပါကြောင်း ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာအမျိုးသမီးများ နိုင်ငံခြားတိုင်းပြည်များ၏ ပင်လယ်ကူးသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်ပြီးတော့ ယဉ်ကျေးသိမ်မွေ့တဲ့ မြန်မာအမျိုးသမီးများဟာဆိုရင် ကြမ်းတမ်းခက်ထန်တဲ့ ပင်လယ်ပြင်မှာ တာဝန်ထမ်းဆောင်ရမှာဖြစ်သဖြင့် တွေ့ကြုံရမည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်သော ကျွမ်းကျင်မှုပြည့်ဝသည့် Seafarers များဖြစ်ရန် လေ့ကျင့်ပျိုးထောင်ပေးရမည်ဆိုပါက လိုအပ်တဲ့ ပညာအရည်အချင်းနှင့် ခန့်အပ်မည့် လုပ်ထုံးလုပ်နည်းများ၊ လေ့ကျင့်ပေးရမည့် သင်တန်းအမျိုးအစားများနှင့် သင်တန်းကျောင်းများ၊ တာဝန်ထမ်းဆောင်ခွင့်ပြုသင့်သည့် သင်္ဘောအမျိုးအစားများ၊ သင်္ဘောကုမ္ပဏီ/သင်္ဘောပိုင်ရှင်များနှင့် ချုပ်ဆိုရမည့် အလုပ်အကိုင်စာချုပ်များ၊ အခွင့်အရေးများကို အကာအကွယ်ပေးမည့် ပြဋ္ဌာန်းချက်များ၊ အထူးသဖြင့် အမျိုးသမီးဝန်ထမ်းများကို ဥပဒေကြောင်းအရ ကာကွယ်မှုပေးရန် လုံလောက်တဲ့ ပြဋ္ဌာန်းချက်များ စသည်တို့နှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပညာတက္ကသိုလ်၊ ကုန်သွယ်ရေကြောင်းကောလိပ်၊ ပုဂ္ဂလိက ရေကြောင်းပညာ သင်တန်းကျောင်းများ၊ ရေကြောင်းအတတ်ပညာရှင်များအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးစွမ်းဆောင်ရှင်များအဖွဲ့ချုပ်၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးအဖွဲ့၊ ရေကြောင်းဘက် ဆိုင်ရာ အသင်းအဖွဲ့များ၊ Seafarers ဆိုင်ရာ အဖွဲ့ချုပ်များ၊ ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်နှင့် အခြားသက်ဆိုင်သည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတာနှင့် အလားတူ ကျွန်တော်တို့ ၂၀၁၈ ခုနှစ် ဧပြီလ ၂ ရက်နေ့မှာ ဒုတိယသမ္မတ(၂)နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း UMFCCI မှာလည်း အဆင့်မြင့် သင်္ဘောဟိုတယ်

များမှာ အမျိုးသမီး Seafarers များ အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်၍ တင်ပြခဲ့မှုရှိပါတယ်။ ၎င်းအပြင် ကျွန်တော်တို့ ဂျာမနီနိုင်ငံဆိုင်ရာ သံအမတ်ကြီးကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ လာရောက်တွေ့ဆုံစဉ်မှာ ဂျာမနီနိုင်ငံ အပျော်စီးသင်္ဘောများမှာ အမျိုးသမီးဝန်ထမ်းတွေ ခေါ်ယူဖို့အတွက် စိတ်ဝင်စားကြောင်း တင်ပြသွားမှုလည်း ရှိပါတယ်။

သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ မြန်မာအမျိုးသမီးများကို နိုင်ငံတကာ ပင်လယ်ရေကြောင်းလောကမှာ အမျိုးသမီး Seafarers များအဖြစ်လည်းကောင်း၊ ခရီးသည်တင်သင်္ဘောများတွင် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်အတွက်လည်းကောင်း၊ တရားဝင်လုပ်ကိုင်ခွင့်ရရှိရေးအတွက် လုပ်ငန်းဆိုင်ရာလက်မှတ်များထုတ်ပေးခြင်း၊ သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခြင်း၊ နိုင်ငံတကာရှိ သင်္ဘောကုမ္ပဏီများနှင့်ချိတ်ဆက်၍ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ လုပ်ဆောင်ပေးနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းနိုင်ရန် ကျွန်တော် စောစောက တင်ပြခဲ့တဲ့ ဌာနအဖွဲ့အစည်းများအားလုံးကို ကျွန်တော်တို့ မနက်ဖြန်ပေါ့။ ဇွန်လ ၁၄ ရက်နေ့မှာ ကျင်းပမယ့် အစည်းအဝေးကို ဖိတ်ကြားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ၏ ချင်းပြည်နယ်၊ မတူပီမြို့မှာ မကြာခဏလိုင်းပျက်နေသော အော်တိုအိတ်ချိန်းဖုန်းလိုင်းကို စက်ကိရိယာအသစ် လဲလှယ်၍ ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ချင်းပြည်နယ်၊ မတူပီမြို့ အော်တိုအိတ်ချိန်းကို ၂၂-၃-၂၀၀၉ ရက်နေ့မှာ စတင်ဖွင့်လှစ်အသုံးပြုခဲ့ပါတယ်။ အဆိုပါ အိတ်ချိန်းမှ တပ်ဆင်ပေးထားတဲ့ တယ်လီဖုန်းလိုင်းအရေအတွက်က လိုင်းပေါင်း(၅၀၀)ဖြစ်ပြီး လက်ရှိ တပ်ဆင်အသုံးပြုနေတဲ့ တယ်လီဖုန်းလိုင်းအရေအတွက်က (၂၈၉)လိုင်းဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့ရဲ့ နယ်မြေဒေသအနေအထားအရ အဝေးဆက်သွယ်မှုဆက်ကြောင်းရရှိနိုင်ရေးအတွက် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းနှင့် ဖိုင်ဘာ ကေဘယ်လ် ဆက်ကြောင်းများ တည်ဆောက်ရန် အခက်အခဲရှိပါသဖြင့် ယင်းအိတ်ချိန်း၏ အဝေးဆက်သွယ်မှုစနစ်အား VSAT ဂြိုဟ်တုစနစ်အသုံးပြုပြီးတော့ Transit Exchange ဖြစ်သည့် ရန်ကုန် EWSD (Electronic Worldwide Switch Digital) ခေါ်တဲ့ အိတ်ချိန်းနှင့် ချိတ်ဆက်အသုံးပြုခဲ့တာ အစကတော့ အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုတွေ ပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီ EWSD အိတ်ချိန်းဟာ အချိန်ကြာမြင့်လာတာနှင့်အမျှ ဝန်ဆောင်မှုအရည်အသွေးများ ကျဆင်းလာခြင်း၊ စက်အရန်ပစ္စည်းများ ဝယ်ယူ၍ မရနိုင်ခြင်းတို့ကြောင့် ၎င်းအိတ်ချိန်းများကို ဖြုတ်သိမ်းခဲ့ပြီး ခေတ်မီ Software Switch ခေါ်တဲ့ Softswitch အိတ်ချိန်းများနှင့် အစားထိုးပြောင်းလဲတပ်ဆင်ခဲ့ရာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှစပြီးတော့ နည်းပညာပိုင်းဆိုင်ရာ တယ်လီဖုန်းဆက်သွယ်ရာမှာ အဆင်မပြေမှုများဖြစ်ပေါ်ခဲ့တာမှန်ပါတယ်။

မတူပီအော်တိုအိတ်ချိန်းရဲ့ အဝေးဆက်သွယ်မှုမှာ VSAT ဂြိုဟ်တုစနစ်ဖြစ်ပြီး Softswitch အိတ်ချိန်းများဖြင့် ပြောင်းလဲချိတ်ဆက်ခဲ့ရာမှာ နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများအရ အဆင်မပြေမှုများ ဖြစ်ပေါ်လျက်ရှိခဲ့သဖြင့် တယ်လီဖုန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ဂြိုဟ်တုမြေပြင်အခြေစိုက်စခန်းမှာ စက်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း၊ VSAT ဂြိုဟ်တုစနစ်ရဲ့ လှိုင်းခွင်(Bandwidth)ကိုတိုးမြှင့်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာချိန်ညှိခြင်းတို့ကို ပြုလုပ်၍ စမ်းသပ်ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ၁၀ - ၅ - ၂၀၁၈ ရက်နေ့မှစပြီးတော့ တယ်လီဖုန်းဆက်သွယ်မှုနှင့် ဖက်စ်ပေးပို့ခြင်းများကို ပုံမှန်ဆောင်ရွက်နိုင်ပြီလို့ သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီအော်တိုအိတ်ချိန်းရဲ့ အဝေးဆက်သွယ်မှုဟာဆိုရင် ဂြိုဟ်တုစနစ်ကို အသုံးပြုထားရတဲ့အတွက် တယ်လီဖုန်းဆက်သွယ်ပြောဆိုရာတွင် အဆင်ပြေသော်လည်း ဆက်သွယ်သည့် နေရာဒေသအပေါ် မူတည်ပြီးတော့ အဝေးဆက်သွယ်ရေးဆက်ကြောင်း ချိတ်ဆက်မှုအရ နောက်ကျချိန် Delay Time ရှိခြင်း၊ ရာသီဥတုအပေါ်မူတည်ခြင်း၊ အသုံးပြုများသည့်အချိန်တွင် လှိုင်းခွင်(Bandwidth)အပြည့်မရနိုင်ခြင်း စသည်တို့ကြောင့် ဖက်စ် ပေးပို့ရာမှာတော့ တစ်ခါတစ်ရံ အဆင်မပြေမှုများနှင့် ကြုံတွေ့နိုင်ပါတယ် ခင်ဗျား။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ မတူပီမြို့ပေါ်မှာ Mobile Telephone ဆက်သွယ်မှုစနစ်ရရှိစေရန် စံဘောင်ရပ်ကွက်၌ GSM Mobile စခန်းတစ်ခုကို VSAT ဂြိုဟ်တုစနစ် အသုံးပြုပြီးတော့ ၂၆ - ၃ - ၂၀၁၈ ရက်နေ့မှာ ဖွင့်လှစ်ပေးခဲ့ပြီး Mobile ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟာ ချင်းပြည်နယ်အတွင်း အဝေးဆက်သွယ်မှုစနစ် ပိုမိုကောင်းမွန်စေရန်အတွက် အိန္ဒိယနိုင်ငံချေးငွေဖြင့် ချင်းပြည်နယ် တောင်ပိုင်းနှင့်မြောက်ပိုင်းကို ဆက်သွယ်ပေးတဲ့ ရိဒ် - သီရိဥတ္တမတောင် - ဗားလုံ - ဖလမ်း - ဟားခါး -ရေဇွာ - မတူပီ - မင်းတပ် မိုက္ကရိုဝေ့ဗ် ဆက်ကြောင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး ယခုအခါ စက်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်ခန့်မှာ စတင်အသုံးပြုနိုင်မည်ဟု လျာထားပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းဆောင်ရွက်ပြီးစီးချိန်တွင် မတူပီအိတ်ချိန်းရဲ့ အဝေးဆက်သွယ်မှုစနစ်ကိုလည်း VSAT ဂြိုဟ်တုစနစ်မှ မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းဖြင့် ပြောင်းလဲချိတ်ဆက် အသုံးပြုသွားမည်ဖြစ်ပြီး လက်ရှိအသုံးပြုနေသည့် အော်တိုအိတ်ချိန်းကိုလည်း ခေတ်မီ MSAN လို့ခေါ်တဲ့ Multi - service access node အိတ်ချိန်းအမျိုးအစားသစ်များဖြင့် တစ်ပါတည်းအဆင့်မြှင့်တင် လဲလှယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဲဒီလုပ်ငန်းတွေ ဆောင်ရွက်ပြီးစီးပါက ချင်းပြည်နယ်၊ မတူပီမြို့နယ်အတွင်း အော်တိုတယ်လီဖုန်းလိုင်းများ ပိုမိုကောင်းမွန်စွာ ဆက်သွယ်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရကျောင်းများမှ မူလတန်းကျောင်းအုပ်များ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရေးကိစ္စ မည်သို့စီမံသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရကျောင်းများမှ မူလတန်းကျောင်းအုပ်များ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရေးကိစ္စ မည်သို့စီမံသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များမှ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရကျောင်းများမှ မူလတန်းကျောင်းအုပ်များ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရေးကိစ္စ မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်မှာ တစ်နိုင်ငံလုံး ကျောင်းအဆင့်တိုးဖွင့်လှစ်ခွင့်ရကျောင်းပေါင်း (၅၀၉၉)ကျောင်းမှာ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရကျောင်းပေါင်း (၁၆၁၂)ကျောင်းရှိပါတယ်။ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာ တစ်နိုင်ငံလုံး ကျောင်းအဆင့်တိုး ဖွင့်လှစ်ခွင့်ရကျောင်းပေါင်း (၆၃၈၆)ကျောင်းမှာ အလယ်တန်းကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရကျောင်းပေါင်း(၂၀၀၉)ကျောင်း ဖြစ်ပါတယ်။ အခြေခံပညာမူလတန်းကျောင်းများမှ မူလတန်း(လွန်)အဆင့်၊ မူလတန်း(လွန်)အဆင့်မှ အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုး ဖွင့်လှစ်ခွင့်ရကျောင်းများမှ မူလတန်းကျောင်းအုပ်ကြီးများသည် ကျောင်းအုပ်အဖြစ် ဆက်လက်တာဝန် ထမ်းဆောင်ရသော်လည်း အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရလျှင် မူလတန်းကျောင်းအုပ်ကြီးများသည် မူလတာဝန်မှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတော့မှာ ဖြစ်ပါတယ်။

မူလတန်းကျောင်းအုပ်ကြီးများတွင် လုပ်သက်နုပညာရှင်အဆင့်(၂) ကျောင်းအုပ်၊ လုပ်သက်ရင့် ပညာရှင်အဆင့်(၃) ကျောင်းအုပ်ဟုရှိရာ (၁) လစ်လပ်ကျောင်းအုပ်ရှိရာ မူလတန်းကျောင်းများသို့ မူလရာထူးအတိုင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း (၂) မူလတန်းကျောင်းအုပ်မှ အလယ်တန်းပြ အဖြစ် ရာထူးပြောင်းတာဝန်ထမ်းဆောင်ခြင်း (၃) မြို့နယ်ပညာရေးမှူးရုံးများတွင် လက်ထောက်ကြီးကြပ်ရေးမှူးအဖြစ် ရာထူးပြောင်းတာဝန်ထမ်းဆောင်ခြင်းဟူသော ပုံစံ(၃)မျိုးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည်ဖြစ်ပါတယ်။ ပညာရှင်အဆင့်(၂) မူလတန်းကျောင်းအုပ်များအနေဖြင့် အလယ်တန်းပြရာထူးပြောင်းခြင်း၊ လက်ထောက်ကြီးကြပ်ရေးမှူး ရာထူးပြောင်းခြင်းသည် အခက်အခဲမရှိ သော်လည်း ပညာရှင်အဆင့်(၃) မူလတန်းကျောင်းအုပ်ကြီးများဟာ အဆိုပါရာထူးများသို့ ပြောင်းရွှေ့ကြလျှင် လစာလျှော့ချခံစားရမည်ဖြစ်ပါတယ်။

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်မှာ အလယ်တန်းကျောင်းအဆင့်တိုးသွားသော ကျောင်းပေါင်း (၁၆၁၂)ကျောင်းရှိပြီး မူလတန်းကျောင်း အဆင့်တိုးကျောင်းကတော့ (၈၄၀)ကျောင်းသာရှိပါတယ်။ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာ အလယ်တန်းကျောင်းအဆင့်တိုးသွားသော ကျောင်းပေါင်း (၂၀၀၉) ကျောင်းရှိပြီး မူလတန်းကျောင်း အဆင့်တိုးကျောင်းကတော့ (၈၆၄)ကျောင်းသာရှိပါတယ်။ ပညာရှင်အဆင့် (၃) မူလတန်းကျောင်းအုပ်ကြီးများသည် လစာမလျှော့ကျစေရေး၊ ရာထူးတာဝန် မနိမ့်ကျစေရေးတို့အတွက် မူလရာထူး မူလတန်းကျောင်းအုပ်အဖြစ်သာ ဆက်လက် တာဝန်ထမ်းဆောင်လိုသော်လည်း မူလတန်းကျောင်းအုပ်အရေအတွက်နှင့် မူလတန်းကျောင်းအုပ် လစ်လပ်ကျောင်းအရေအတွက်ဟာ တစ်နိုင်ငံလုံး အတိုင်းအတာပင်လျှင် အချိုးမမျှဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရကျောင်းများမှ မူလတန်းကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ လစာမလျှော့ကျစေရေး၊ ရာထူးတာဝန်မနိမ့်ကျစေရေး စတဲ့အခွင့်အရေးများ မဆုံးရှုံးမနစ်နာစေရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို ပညာရှင်အဆင့်-၃ မူလတန်းကျောင်းအုပ်ကြီးများကိုယ်စား သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအဝှမ်းရှိ ချောင်း၊ မြောင်း၊ အင်းအိုင်၊ မြစ်ကမ်းနား၊ ပင်လယ်ကမ်းခြေ၊ မြစ်ဝကျွန်းပေါ် ရေလမ်းခရီး အသုံးပြုရာဒေသအတွင်းရှိ ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမများ စသည့် ပညာရေးလုပ်သားတို့အတွက် အသက်ကယ်အင်္ကျီများကို လိုအပ်မှုအဆင့်(က)၊(ခ)၊(ဂ) ဦးစားပေးခွဲခြား၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာသင်နှစ်စတွင် ထုတ်ပေးပြီး နှစ်ဆုံးတွင် ပြန်လည်အပ်နှံခြင်း စသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက မြန်မာနိုင်ငံအဝှမ်းရှိ ချောင်း၊ မြောင်း၊ အင်းအိုင်၊ မြစ်ကမ်းနား၊ ပင်လယ်ကမ်းခြေ၊ မြစ်ဝကျွန်းပေါ် ရေလမ်းခရီး အသုံးပြုရာဒေသအတွင်းရှိ ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမများ စသည့် ပညာရေးလုပ်သားတို့အတွက် အသက်ကယ်အင်္ကျီများကို လိုအပ်မှုအဆင့်(က)၊(ခ)၊(ဂ) ဦးစားပေး

ခွဲခြား၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာသင်နှစ်စတွင် ထုတ်ပေးပြီး နှစ်ဆုံးတွင် ပြန်လည်အပ်နှံခြင်း စသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်နဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါ။ မေးခွန်းနဲ့ပတ်သက်လို့ Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စိန်ပန်းတွေ မြေသက်လို့ ပိတောက်ခက်တို့ ကြွေပြီးခါစ မုတ်သုံလေ မြူးကြွတဲ့ ခုလိုကာလရဲ့ မရှေးမနှောင်းမှာ ----------------

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး။ ကိုယ်စားလှယ်ကြီး။ မေးခွန်းမေးတာပါ။ ခင်ဗျားတို့။ လွှတ်တော်မှာ စာပေဟောပြောပွဲ မဟုတ်ဘူး။ ခင်ဗျားက။

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ဟုတ်ကဲ့ပါ။ ကျွန်တော် မေးခွန်းပေါ်လွင်စေချင်လို့ပါ။ တိုင်းပြည်ရဲ့ ရင်သွေးငယ်များစွာတို့ဟာ ပညာသင်နှစ် ကျောင်းတွေဖွင့်လို့ ကျောင်းတက်ရမယ့်အချိန်မှာပဲ တစ်ဆက်တည်းဆိုသလို မိုးသက်မုန်တိုင်းတို့ဟာ တောဆင်ရိုင်းတို့ ပညာသင်အစရဲ့ ကျောင်းဖွင့်လာသည်မှ ကျောင်းပိတ်ရာသီအထိ တောတောင်ခြောက်ခမ်းရာသီ အဆန်းများကြောင့် အချိန်အခါမရွေး မိုးသည်းခြင်း၊ လှိုင်းကြီးခြင်း၊ လေထန်ခြင်းများ ဖြစ်ပေါ်လေ့ရှိပါတယ်။ ခုရက်ပိုင်း မြန်မာပြည်ရဲ့ဒေသအချို့မှာလည်း ရေကြီးရေလျှံခြင်း၊ တာတမံကျိုးပေါက်ခြင်း စတဲ့သဘာဝဘေးဆိုးများ ကျရောက်တယ်ဆိုတဲ့ သတင်းများနဲ့အတူ တစ်ချိန်တည်းမှာ မြန်မာနိုင်ငံအဝန်းရှိ ချောင်း၊ မြောင်း၊ အင်းအိုင်၊ မြစ်ပြင်၊ ကမ်းနား၊ ကမ်းပါး၊ ပင်လယ်၊ မြစ်ဝကျွန်းပေါ် မကျန် နေ့စဉ်အချိန်မှန် ရေလမ်းခရီးကို အဖော်တစ်ခုအဖြစ် သွားမှု၊ လာမှု နေ့စဉ်ပြုကြရတဲ့ ဖော်ပြပါဒေသများမှ ဆရာ၊ ဆရာမများနဲ့ ကျောင်းသူ၊ ကျောင်းသား၊ ပညာရေးဝန်ထမ်းတို့ဟာ အသက်ကို ရင်းပြီး ခက်ခဲပင်ပန်း သောကဝန်းရံပြီး နေ့စဉ်နှင့်အမျှ ကြုံတွေ့ကျော်လွှား ပညာသင်ကြားနေရတာ ဖြစ်ပါတယ်။ အဲဒီအခါမှာ မျှော်လင့်မထားတဲ့ ကံကြမ္မာဆိုးတို့ကြောင့် မဆုံးရှုံးသင့်တဲ့ လူ့အသက်များ ရုတ်တရက်ဆုံးပါးခဲ့ကြတာတွေကို နှစ်စဉ်လိုလို အလျှိုလျှို ကြားသိနေရခဲ့ဖူးပါတယ်။

ကမ္ဘာမြေကြီးရဲ့ ရာသီဥတုကိုက အချိန်အခါမရွေး ဖောက်ပြန်တတ်တာမို့ ဒီလိုအဖြစ်ဆိုးတွေကို ကြိုတင်ပြင်ဆင်နိုင်ခြင်းဖြင့် နောက်နောင် ထပ်မံမကြုံတွေ့နိုင်ဖို့အတွက်ဖြစ်စေ၊ ယခုကဲ့သို့ ရေလမ်းခရီးမတော်တဆတို့ကြောင့် လှေ၊ သမ္ဗန် မှောက်ခြင်းများ ကြုံတွေ့ခဲ့ရပါကလည်း အသေအပျောက် နည်းနိုင်သမျှ နည်းပါးစေဖို့ အတွက်ဖြစ်စေ၊ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြားသက်ဆိုင်တဲ့ ဝန်ကြီးဌာနတို့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး အသက်ကယ်ပစ္စည်း ဘောကွင်းငယ်များ၊ အသက်ကယ်အင်္ကျီများကို အရေးပေါ်လိုအပ်ချက် (က)အဆင့်၊ (ခ)အဆင့်၊ (ဂ)အဆင့်များအရ ပညာသင်နှစ်စတွင် ထုတ်ပေးပြီး နှစ်အကုန်ပြန်အပ်စေခြင်း စတဲ့ သင့်တော်မယ့်စီမံချက်များ ရှိ/မရှိနဲ့ ဆောင်ရွက်ပေးရန်

အဆင်သင့်ဖြစ်/မဖြစ်တို့ကို လာလတ္တံ့သော ကာလတွေမှာ နေခြည်မှာရွှေရည်လောင်းကြမည့် တိုင်းပြည်ရဲ့အနာဂတ် သားကောင်း၊ သမီးကောင်း များစွာတို့အတွက် အသက်ဘေးမှ ရတက်အေးနိုင်ဖို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ကျွန်တော် ဒေါက်တာခွန်ဝင်းသောင်း မှ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


တိုင်းပြည်၏ ရင်သွေးငယ်များ ကျောင်းတက်နေသည့် မြင်ကွင်းပုံ(ယ)



ခက်ခဲပင်ပန်း၊ သောကဝန်းရံပြီး နေ့စဉ်နှင့်အမျှ ကြုံတွေ့ကျော်လွှားနေရသည့် မြင်ကွင်းပုံ(ယ-၁)



ချောင်း၊ မြောင်းကြီးများကြောင့် ကြုံသလိုဖြတ်ကူးရသဖြင့် ဆိုးကျိုးများဖြစ်ပေါ်ရခြင်း စာသားပြပုံ၏ မြင်ကွင်းပုံ(ယ-၂)




**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး အမှတ်(၇) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ၏ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များမှ အလယ်တန်းကျောင်းများအဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရသော ကျောင်းများမှ မူလတန်းကျောင်းအုပ်များ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရေးကိစ္စကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုဖို့လို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ နှစ်စဉ်ကျောင်းမဖွင့်ခင် ဇွန်လ ၁ ရက်နေ့မှာ ကျွန်တော်တို့ ကျောင်းအဆင့်တိုးမြှင့်ခြင်းတွေကို စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီလို

စီစဉ်ဆောင်ရွက်တဲ့အခါမှာတော့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ။ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းစုစုပေါင်း (၃၃၁၂)ကျောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း(၅၁၀၀)၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာတော့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း စုစုပေါင်း(၆၃၈၆)ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ပေးခဲ့ပါတယ်။

ဒီလိုကျောင်းအဆင့် တိုးမြှင့်ပေးတဲ့ကျောင်းတွေထဲကမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) များမှ အခြေခံပညာအလယ်တန်းကျောင်းများအဖြစ်သို့ အဆင့်တိုးမြှင့်သွားတဲ့အခါမှာ ကျွန်တော်တို့ ဒီ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ တာဝန်ထမ်းဆောင်နေတဲ့ ကျောင်းအုပ်တွေဟာ မူလတန်း ကျောင်းအုပ်ရာထူးနဲ့ ကျွန်တော်တို့ ဒါ တာဝန်ထမ်းဆောင်နေတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခြေခံ ပညာအလယ်တန်းကျောင်းအဆင့်ကို တိုးမြှင့်သွားတဲ့အခါမှာ အလယ်တန်းကျောင်းအုပ်သည် ဦးစီးအရာရှိ ကျွန်တော်တို့ လစာနှုန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အလယ်တန်းကျောင်း(ခွဲ)တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ အလယ်တန်းပြလစာနဲ့တူညီတဲ့ မူလတန်းကျောင်းအုပ်များဟာ အလယ်တန်း ကျောင်းအုပ်ဖြစ်တဲ့ ကျွန်တော်တို့ ဦးစီးအရာရှိ ရာထူးနဲ့တူညီတဲ့ ကျောင်းအုပ်တာဝန်ကို ကျွန်တော်တို့ တာဝန်ထမ်းဆောင်ဖို့လို့အတွက်သည် ကျွန်တော်တို့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ ကျွန်တော်တို့ တာဝန်ပေးအပ်ဖို့လို့အတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးလို့ မရပါဘူး။

ဒီလိုမျိုး ကျောင်းအဆင့်တိုးသွားတဲ့အခါမှာ၊ အလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့် သွားတဲ့အခါမှာ အလယ်တန်းကျောင်း(ခွဲ)မှာ တာဝန်ထမ်းဆောင်နေတဲ့ ကျောင်းအုပ်တွေကို စိစစ်တဲ့ အခါမှာ (၄)မျိုးရှိကြောင်း တွေ့ရှိရပါတယ်။ အဲဒီ(၄)မျိုးဟာ မူလတန်းကျောင်းအုပ်ဟာ B.Ed ဘွဲ့ရမယ် ဆိုလို့ရှိရင်တော့ အဲဒီ B.Ed ဘွဲ့ရတဲ့ မူလတန်းကျောင်းအုပ်တွေကို ကျွန်တော်တို့အနေနဲ့ ဒီ သီးသန့် တန်းစီဇယား ပြန်လည်ပြီးတော့ ရေးဆွဲပါတယ်။ အကယ်၍ အဲဒီ မူလတန်းကျောင်းအုပ်ဟာ အထက်တန်းပြ ရာထူးကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်မယ် ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ အလယ်တန်းပြလစာ ကနေပြီးတော့မှ သူသည် B.Ed ဘွဲ့ရပြီးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ အထက်တန်းပြရာထူးကို ရာထူးတိုးမြှင့်ပေးနိုင်ဖို့လို့အတွက်ကိုလည်းပဲ ကျွန်တော်တို့ ဒါ စီစဉ် ဆောင်ရွက်ပြီးတော့ ပြောင်းရွှေ့ ရာထူးတိုးမြှင့် ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ မြို့နယ် ပညာရေးမှူးရုံးတွေ၊ ခရိုင်မြို့နယ်ပညာရေးမှူးရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးနဲ့ အခြေခံ ပညာဦးစီးဌာနမှာရှိတဲ့ ဒုတိယဦးစီးမှူး၊ ဒုတိယကြီးကြပ်ရေးမှူး ရာထူးကိုလည်းပဲ ဒါ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်မယ်ဆိုလို့ရှိရင်လည်း ဒါ သူတို့တစ်တွေရဲ့ဆန္ဒနဲ့ လျှောက်ထားမှုအရ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်နိုင်ပါတယ်။

နောက် စတုတ္ထတစ်ခု၊ ရွေးချယ်နိုင်တာကတော့ မြို့နယ်ပညာရေးမှူးရုံးတွေမှာရှိတဲ့ လက်ထောက်မြို့နယ်ပညာရေးမှူး ရာထူးကိုလည်းပဲ ဒါ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လို့ ရပါတယ်။ ဒါကြောင့်မို့လို့ B.Ed ဘွဲ့ရရှိပြီးသား အလယ်တန်းပြလစာနဲ့ တာဝန်ထမ်းဆောင်နေတဲ့ မူလတန်း ကျောင်းအုပ်ကြီးတွေအနေနဲ့ လစာမလျော့သွားဘဲနဲ့ လစာတိုးမြှင့်ပြီးတော့မှ ရရှိဖို့လို့အတွက်ကို အခု လိုမျိုး ရာထူးတိုးနဲ့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ရသလို B.Ed ဘွဲ့ရပြီး အထက်တန်းပြလစာနဲ့

တာဝန်ထမ်းဆောင်နေတဲ့ ကျောင်းအုပ်ကြီးတွေအနေနဲ့လည်း အခုဖော်ပြထားတဲ့ ရွေးချယ်မှု (၂)၊ (၃)၊ (၄) အရ ပြောင်းရွှေ့ပြီး တာဝန်ထမ်းဆောင်နိုင်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အခုလိုမျိုး ဆောင်ရွက်တဲ့အခါမှာတော့ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာတော့ လွှတ်တော် ဥက္ကဋ္ဌကြီး အကြံပြုသွားသလို လစ်လပ်သွားတဲ့ မူလတန်းကျောင်းအုပ်တွေမှာလည်းပဲ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ဒီလိုမျိုးလျှောက်ထားမယ်ဆိုလို့ရှိရင်လည်းပဲ ပညာရေးဝန်ကြီးဌာနအနေနှင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒုတိယအနေနဲ့ ခုနက ဒီ အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် မေးခဲ့တဲ့ မေးခွန်းထဲက ဒုတိယအမျိုးအစားကတော့ ကျွန်တော်တို့ ဒီ မူလတန်းကျောင်းအုပ်မှ ကျွန်တော်တို့ အလယ်တန်းပြရာထူးနဲ့ တာဝန်ထမ်းဆောင်ပြီးတော့မှ B.Ed ဘွဲ့မရတဲ့ ကျွန်တော်တို့ အထက်တန်းပြလစာစားနေတဲ့ မူလတန်းကျောင်းအုပ်ကြီးတွေလည်း ရှိပါတယ်။ သူတို့တစ်တွေကိုတော့ ကျွန်တော်တို့ လက်ရှိရာထူးနဲ့ အခြားမူလတန်းကျောင်းအုပ်ရာထူးတွေကို ကျွန်တော်တို့ ဒါ ပြောင်းရွှေ့ခန့်ထားပေးနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အခြားမူလတန်းကျောင်းအုပ်တွေဟာလည်း ကျွန်တော်တို့ ဒီ ရာထူးတွေကို လျှောက်ထားနိုင်ပါတယ်။ ပြီးရင် မူလတန်းကျောင်းအုပ် အထက်တန်းပြ လစာစားနေတဲ့ ကျောင်းအုပ်ကြီးတွေကို သီးခြားတန်းစီဇယားပြုစုပြီးတော့ တန်းစီဇယား ကြီး၊ ငယ် စဉ်အရ လျှောက်ထားနေရာလစ်လပ်မှုအပေါ် မူတည်ပြီးတော့ စဉ်းစားပါတယ်။ လက်ရှိကျောင်းမှာ အလယ်တန်းပြခန့်ထား၍မရတဲ့အတွက်ကြောင့်မို့လို့ အခြားကျောင်းကို ကျွန်တော်တို့ အထက်တန်းပြရာထူးနဲ့ပဲ ကျွန်တော်တို့ ဒါ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမှာဖြစ်သလို အကယ်၍ အလယ်တန်းပြရာထူးနဲ့ တာဝန်ထမ်းဆောင်နေတယ်ဆိုရင်လည်းပဲ အခြားကျောင်းကို အလယ်တန်းပြရာထူးနဲ့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။

နောက်တစ်အုပ်စုကတော့ ကျွန်တော်တို့ ဒီ မူလတန်းကျောင်းအုပ်တွေကနေပြီးတော့မှ အခြား ဘွဲ့တွေရပြီးတော့မှ မူလတန်းကျောင်းအုပ်ကြီးတွေအနေနဲ့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုတဲ့သူတွေကိုလည်းပဲ မူလတာဝန်ထမ်းဆောင်နေတဲ့ကျောင်းမဟုတ်ဘဲ အခြားကျောင်းတွေကို အလယ်တန်းပြရာထူးနဲ့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုတယ်ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ ဒါ သူတို့တစ်တွေဟာ ဘွဲ့မရသေးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ D.T.Ed ဆင်း အလယ်တန်းပြအဖြစ်နဲ့ပဲ ကျွန်တော်တို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ပါတယ်။ သို့သော် ပုံမှန်ဆိုလို့ရှိရင်တော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အလယ်တန်းပြရာထူးသည် D.T.Ed ဆင်းတွေကို အလယ်တန်းပြရာထူးခန့်ထားလို့မရပါဘူး။ အလယ်တန်းပြရာထူးသည် D.T.Ed ပြီးလို့ရှိရင် ကျွန်တော်တို့ ဒီ အလယ်တန်းပြဖြစ်ဖို့လို့အတွက်သည် ကျွန်တော်တို့ ဘွဲ့တစ်ခုခုရပြီးတော့မှ ဒီသင်တန်းဆင်းလက်မှတ်၊ ဆရာဖြစ်သင်တန်းဆင်းလက်မှတ်၊ အလယ်တန်းပြ ဆရာဖြစ်လက်မှတ် ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ အလယ်တန်းပြလစာနှုန်းနဲ့ တာဝန်ထမ်းဆောင်နေတဲ့ အခြားဘွဲ့ရပြီးတော့ B.Ed ဘွဲ့မရတဲ့ မူလတန်းကျောင်းအုပ်တွေဟာဆိုလို့ရှိရင်တော့ ဒါ အလယ်တန်းပြရာထူးနဲ့ တာဝန်ထမ်းဆောင်နိုင်ပါတယ်။

စတုတ္ထအုပ်စုကတော့ ကျွန်တော်တို့ ဒီ မူလတန်းကျောင်းအုပ်တွေထဲမှာပဲ ဘွဲ့ရမဟုတ်တဲ့ မူလတန်းကျောင်းအုပ်တွေလည်းပဲ ကျွန်တော်တို့ ဒါရှိပါတယ်။ ဘွဲ့ရမဟုတ်တဲ့ မူလတန်းကျောင်းအုပ်

တွေလည်းပဲ အခြားမူလတန်းကျောင်းကို မူလတန်းကျောင်းအုပ်ရာထူးနဲ့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်နိုင်ပါတယ်။ သူတို့တစ်တွေကိုလည်း ခုနတုန်းကတင်ပြခဲ့တဲ့အတိုင်းပဲ တန်းစီဇယားရဲ့ ကြီး၊ ငယ်စဉ်အရ ကျွန်တော်တို့ ဆောင်ရွက်ပြီးတော့မှ သူတို့တစ်တွေဟာ မူလတန်းကျောင်းအုပ်ဖြစ်တဲ့ အတွက်၊ အလယ်တန်းပြလစာ ခံစားနေတာဖြစ်တဲ့အတွက်၊ အလယ်တန်းပြဆရာဖြစ်လက်မှတ် ရရှိဖို့လို့ အတွက် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးပြီးတော့မှ အလယ်တန်းပြလက်မှတ် ရရှိဖို့လို့အတွက် စီစဉ်ဆောင်ရွက်ပြီးတဲ့အခါမှာ အလယ်တန်းပြအဖြစ်နဲ့ ကျွန်တော်တို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင် နိုင်ဖို့လို့အတွက်ကို အခုလိုမျိုး အုပ်စု(၄)ခုအနေနဲ့ ကျွန်တော်တို့ ဒါ မူလတန်းကျောင်းအုပ်တွေကို ကျွန်တော်တို့ ပြန်လည်ပြီးတော့မှ သူတို့ရဲ့ သတ်မှတ်အရည်အချင်းနဲ့ကိုက်ညီတဲ့ မူလတန်းကျောင်းအုပ် တွေကို အထက်ဖော်ပြပါ အုပ်စု(၄)ခုနဲ့ ကျွန်တော်တို့ စီစဉ် ဆောင်ရွက်တဲ့အခါမှာ အထက်ပါမူတွေနဲ့ အညီ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဘက်မလိုက်ဘဲနဲ့ ပွင့်လင်းမြင်သာမှုရှိအောင် ဒီလိုမျိုး တန်းစီဇယားတွေကိုလည်းပဲ ပညာရေးဝန်ကြီးဌာနရဲ့ Website မှာ ပွင့်လင်းမြင်သာမှုရှိအောင် ဖော်ပြပြီးတော့ ဆောင်ရွက်ပေးသွားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယခုလိုမျိုး ပြောင်းရွှေ့တာဝန် ထမ်းဆောင်ဖို့လို့အတွက် စီစဉ်ပေးလျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကချင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း ၏ မြန်မာနိုင်ငံအဝှမ်းရှိ ချောင်း၊ မြောင်း၊ အင်းအိုင်၊ မြစ်ကမ်းနား၊ ပင်လယ်၊ ကမ်းခြေ၊ မြစ်ဝကျွန်းပေါ် ရေလမ်းခရီး အသုံးပြုရာဒေသအတွင်းရှိ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ စတဲ့ ပညာရေးလုပ်သားတို့အတွက် အသက်ကယ် အင်္ကျီများကို လိုအပ်မှုအဆင့် (က)၊ (ခ)၊ (ဂ) ဦးစားပေး ခွဲခြား၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာသင်နှစ်စတွင်ထုတ်ပေးပြီး နှစ်ဆုံးတွင် ပြန်လည်အပ်နှံခြင်း စသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မေးခွန်းအပေါ် ပြန်လည်တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ အသက်ကယ်အင်္ကျီ အသုံးပြုရန် လိုအပ်တဲ့နေရာများနဲ့ လုပ်ငန်းများမှာ အသုံးပြုနိုင်ဖို့လို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှာ အသက်ကယ်အင်္ကျီ (Life Jacket) Small Size (၁၉၇၈၈) စုံအတွက် တစ်စုံလျှင် တန်ဖိုးငွေ ကျပ်(၅၅၀၀) ကျပ်နှုန်းနှင့် ငွေကျပ်(၁၀၈.၈၃၄)သန်း Large Size (၁၇၂၁၁)စုံအတွက် တစ်စုံလျှင် တန်ဖိုးငွေကျပ် (၆၀၀၀)ကျပ်နှုန်းနှင့် ငွေကျပ်(၁၀၃.၂၆၆)သန်း စုစုပေါင်း အသက်ကယ်အင်္ကျီ (၃၆၉၉၉)စုံအတွက် ငွေကျပ်တန်ဖိုး(၂၁၂.၁)သန်းကို အသုံးပြုပြီးတော့မှ ခွဲဝေဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကတော့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျွန်တော်တို့ ဒါ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးကို ခွဲဝေပေးခဲ့တဲ့ ကျွန်တော်တို့ Life Jacket Small Size၊ Large Size နဲ့ စုစုပေါင်း အရေအတွက်နဲ့ စုစုပေါင်း ကျသင့်တဲ့တန်ဖိုးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ပညာရေးဝန်ကြီးဌာနအနေနဲ့ Life Jacket တွေကို ကျွန်တော်တို့ လိုအပ်တဲ့နေရာတွေကို ဖြည့်ဆည်း ဆောင်ရွက်ပေးတဲ့အခါမှာ နှစ်စမှာထုတ်ပေး

ပြီး နှစ်ဆုံးမှာပြန်လည်ပြီးတော့မှ သိမ်းခြင်းနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ ဒီ Life Jacket တွေကို (၂)နှစ်အသုံးပြုဖို့လို့အတွက် ကျွန်တော်တို့ ဒါ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာတော့ အခြေခံပညာဦးစီးဌာနအနေနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးမှု မစီစဉ်ခဲ့ပါဘူး။

ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာတော့ ကျွန်တော်တို့ ဒါ မိုးဦးကာလမှာလည်းပဲ မိုးများတယ်။ အသက်ကယ်အင်္ကျီတွေဟာလည်းပဲ အသုံးပြုခဲ့တာ (၂)နှစ်ရှိပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒါ ကောင်း၊ သင့် ခွဲပြီးတော့မှ ကောင်းနေသေးတဲ့၊ ကျွန်တော်တို့ သင့်နေသေးတဲ့ အသက်ကယ်အင်္ကျီတွေကိုတော့ ဆက်လက်အသုံးပြုဖို့လို့အတွက်၊ လိုအပ်နေသေးတဲ့ အသက်ကယ်အင်္ကျီတွေကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးဖို့လို့အတွက်၊ စီစဉ်ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် လိုအပ်နေတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးကို အသက်ကယ်အင်္ကျီ(Life Jacket) Small Size (၂၄၅၆၀)စုံအတွက် တစ်စုံကို တန်ဖိုးငွေကျပ်(၆၀၀၀)နှုန်းနဲ့ ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ထက်တော့ (၅၀၀)ကျပ်နှုန်း ကျွန်တော်တို့ များပြားလာတဲ့အတွက် ငွေကျပ်(၁၄၇.၃၅၇)သန်းနဲ့ Lar ge Size (၂၂၁၂၁)စုံအတွက် တစ်စုံကို တန်ဖိုးငွေကျပ်(၆၅၀၀)ကျပ်နှုန်းဖြင့် လွန်ခဲ့တဲ့(၂)နှစ်ကထက်တော့ (၅၀၀)ကျပ်နှုန်း ပိုမိုများပြားလာပါတယ်။ ငွေကျပ်(၁၄၃.၇၈၇)သန်း၊ စုစုပေါင်း အသက်ကယ်အင်္ကျီ (၄၆၆၈၁)စုံအတွက် ငွေကျပ်တန်ဖိုး(၂၉၁.၁၄၄)သန်းကို တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးကို ခွဲဝေချထားပေးပြီး ဖြစ်ပါတယ်။ အဲဒီခွဲဝေချထားပေးပြီးတဲ့ ဒီလျာထားစာရင်းကတော့ ကျွန်တော်တို့ အဆိုပြုတဲ့ဦးရေရဲ့တစ်ဝက်ကို ဒါ အခြေခံပညာဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးပါတယ်။ (၆၀၀)အောက် အရေအတွက်တွေကိုတော့ အပြည့်စီစဉ်ဆောင်ရွက်ပေးပြီးတော့၊ (၆၀၀)အထက် အရေအတွက်ကိုတော့ ကျွန်တော်တို့ တစ်ဝက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့လို့အတွက် စီစဉ်ဆောင်ရွက်ပေးတဲ့ ဒါ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးတဲ့ ဇယားဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျွန်တော်တို့ မိုးဦးကာလမှာ မိုးများလာတယ်။ ရေကြီးလာတဲ့အတွက်ကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ချောင်း၊ မြောင်း၊ အင်း၊ အိုင်၊ မြစ်ကမ်းနား၊ ပင်လယ်ကမ်းခြေ၊ မြစ်ဝကျွန်းပေါ် ရေလမ်းခရီး အသုံးပြုရာဒေသအတွင်းရှိတဲ့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအတွက် ထပ်မံလိုအပ်မယ့် အသက်ကယ်အင်္ကျီ(Life Jacket)များကို ထပ်မံဖြည့်ဆည်းနိုင်ရန်အတွက် ဘဏ္ဍာငွေရရှိတဲ့အပေါ်မှာလည်း ကျွန်တော်တို့ စိစစ်ပြီးတော့ ခွဲဝေဆောင်ရွက်ပေးရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ခွဲဝေပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်းနဲ့ ပညာသင်နှစ်ပြီးဆုံးပြီးရင်တော့ ထုတ်ဝေပေးထားတဲ့ Life Jacket တွေကို ပြန်လည်အပ်နှံနိုင်ရေးအတွက်ကို လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတဲ့အတိုင်း စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၌ လက်ရှိဖွဲ့စည်းပုံအင်အားဖြင့် မလုံလောက်ပါသဖြင့် ဖွဲ့စည်းပုံအင်အား ပြည့်သည်အထိ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွင်၏ က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၌ လက်ရှိဖွဲ့စည်းပုံအင်အားဖြင့် မလုံလောက်ပါသဖြင့် ဖွဲ့စည်းပုံအင်အား ပြည့်သည်အထိ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဦးစောသန်းထွင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ စောသန်းထွင်၏ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်ရဲ့ မေးခွန်းကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၌ လက်ရှိဖွဲ့စည်းပုံအင်အားဖြင့် မလုံလောက်ပါသဖြင့် ဖွဲ့စည်းပုံအင်အား ပြည့်သည်အထိ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမေးရတဲ့ အကြောင်းအရင်းကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၇ ပါ စစ်ဆေးရေး တာဝန်များကို ပိုမိုထိရောက်ပီပြင်စွာနဲ့ စနစ်တကျ ဆောင်ရွက်နိုင်စေရန်အတွက် သတ်မှတ်ဖွဲ့စည်းပုံ အင်းအားတိုးမြှင့်ခန့်ထားရန် လိုအပ်လာပြီ ဖြစ်ပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၇ တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တာဝန်ဝတ္တရားများ ပိုမိုများပြားလာပါတယ်။ အဆိုပါ အချက်များမှာ (၁) အစိုးရဌာနအဖွဲ့အစည်းများသည် ပြည်သူကို အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ (၂) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပသို့ ရောက်ရှိနေသည့် ကိစ္စရပ်များအား စစ်ဆေးခြင်း၊ (၃) စာချုပ်ချုပ်ဆိုမှု အပိုင်းများနှင့် နိုင်ငံတော်နှင့် ပုဂ္ဂလိက ဖက်စပ်လုပ်ငန်းများ၏ လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးခြင်း၊ (၄) ရလဒ်အခြေပြုလုပ်ငန်းခွင် စစ်ဆေးရေး (Performance Audit)လုပ်ငန်းများ ပိုမိုထိရောက်ပီပြင်စွာနဲ့ စနစ်ကျစွာ စစ်ဆေးခြင်း စသည့်လုပ်ငန်းများ ပါဝင်ဖြည့်စွက်ထားရှိပါတယ်။ တစ်နိုင်ငံလုံးရှိ စာရင်းစစ် ဝန်ထမ်းအင်အားမှာ ၃၁-၁၂-၂၀၁၇ ရက်နေ့ရှိ လက်ရှိ ဖွဲ့စည်းပုံအရ ခွင့်ပြုအင်အားမှာ (၆၇၁၃)ဦးသာ ဖြစ်ပါတယ်။ အမှန်တကယ် ခွင့်ပြုရမည့် ဖွဲ့စည်းပုံအင်အားမှာ (၁၀၈၆၀)ဦးဖြစ်သဖြင့် (၄၁၄၇)ဦး လစ်လပ်ပြီး ခန့်အပ်ရန် လိုအပ်နေခြင်းဖြစ်ပါတယ်။ ခန့်ထားပြီး

အင်အား (၆၇၁၃)ဦးအနက် စာရင်းစစ်အဆင့်(၁)များမှာ ဖွဲ့စည်းပုံရဲ့ (၅၆)ရာခိုင်နှုန်းနှင့် စာရင်းစစ်အဆင့်(၃)မှာ ဖွဲ့စည်းပုံ၏ (၆၅)ရာခိုင်နှုန်းသာ ရှိပါတယ်။

ထို့ကြောင့် ဥပဒေပြင်ဆင်ချက်ကြောင့် လုပ်ငန်းတာဝန်များ တိုးလာသည့် စစ်ဆေးရေးလုပ်ငန်းများအား အဓိက တာဝန်ယူဆောင်ရွက်ရမယ့် ရာထူးနေရာများအတွက် ဖွဲ့စည်းပုံအပြည့်ခန့်ထားရန် သတ်မှတ်ထားသည့် နည်းလမ်းအရ လိုအပ်နေခြင်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအင်အားရဲ့ သုံးပုံနှစ်ပုံခန့်ထက် ကျော်လွန်ခန့်ထားခြင်းနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၉-၃-၂၀၁၆ ရက်စွဲပါစာအမှတ် ၁၅/၁၅၂-ညွှန်ကြား/အဖရ(၂၀၁၆)အရ ခွင့်ပြုချက်ရရှိထားပြီးဖြစ်ကြောင်း သိရှိရပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအင်အားပြည့် (၁၀၈၆၀)ဦး ခန့်အပ်ဆောင်ရွက်မည်ဆိုပါက တစ်နှစ်လျှင် ကျပ်(၂၂)ဘီလီယံ လိုအပ်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် စာရင်းစစ်လုပ်ငန်းများ ပိုမိုထိရောက်ပီပြင်စွာနဲ့ စနစ်ကျစွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအင်အားပြည့် ခန့်ထားနိုင်ရန် လစ်လပ်ဝန်ထမ်းများအား မဖြစ်မနေ အလျင်အမြန် ခန့်အပ်ရန် လိုအပ်ပါသောကြောင့် လာမည့်ဘဏ္ဍာရေးနှစ် ၂၀၁၈-၂၀၁၉ အတွင်း ခန့်အပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၃။**

**ဦးမော်သန်း (ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ် ၏ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွဋ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဒေသစာရင်းစစ်ရုံးများ၌ လက်ရှိ ဖွဲ့စည်းပုံအင်အားဖြင့် မလုံလောက်ပါသဖြင့် ဖွဲ့စည်းပုံအင်အား ပြည့်သည်အထိ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းထားပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၈ ကို ၂၂-၁-၂၀၁၈ နေ့၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၈ ပုဒ်မ ၃ အရ ပြည်ထောင်စုစာရင်းစစ်ချုပ်၏

တာဝန်များမှာ မူလက (၁၄)ရပ်ရှိရာမှ (၁၃)ရပ် ထပ်မံတိုးလာ၍ (၂၇)ရပ်ရှိခြင်း၊ ပုဒ်မ ၅ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်၏ တာဝန်များမှာ မူလ(၆)ရပ်မှ (၅)ရပ် ထပ်တိုးလာ၍ (၁၁)ရပ်ရှိလာခြင်း၊ ပုဒ်မ ၆ အရ စာရင်းစစ်အရာရှိများ၏ တာဝန်မှာ မူလ(၄)ရပ်မှ (၁)ရပ် ထပ်တိုးလာ၍ (၅)ရပ်ရှိလာပါတယ်။ အသစ်ပြင်ဆင်ပြဋ္ဌာန်းတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ အပ်နှင်းထားတဲ့ စစ်ဆေးရေးတာဝန်များမှာ များမြောင်ကျယ်ဝန်းလှပါတယ်။ ထို့အပြင် အစိုးရဌာနအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည်လည်း ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ/မရှိ ဆိုသည့် လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း (Performance Audit)ကိုလည်းပဲ အဓိက ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ထို့အပြင် နိုင်ငံခြားချေးငွေ၊ ပြည်ပ အကူအညီရငွေဖြင့် ဆောင်ရွက်တဲ့ စီမံကိန်းများ၊ လုပ်ငန်းများနှင့် စာရင်းများကိုလည်းပဲ စစ်ဆေးပေးရန် ညှိနှိုင်းမေတ္တာရပ်ခံလာပါက များပြားလာပါတယ်။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(က)တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်ရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၉၆ ပုဒ်မခွဲ(ခ)တွင် မြန်မာနိုင်ငံစာရင်းကောင်စီ၏ လုပ်ငန်းများဆောင်ရွက်ရာ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက် သတ်မှတ်ရပါမည်ဟုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ၂၀၁၅ အရ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း၊ ၎င်းသင်တန်းကျောင်းများတွင် သင်တန်းဆရာအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း၊ ကိုယ်ပိုင်သင်တန်းကျောင်းများ လမ်းညွှန်ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် နိုင်ငံခြားသား စာရင်းပညာရှင်များအား စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်း စတဲ့ လုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်လာရပါသဖြင့် ဝန်နှင့်အင်အား မမျှမတ ဖြစ်နေမှု ကြုံတွေ့နေရပါတယ်။

ဤရုံးအနေနဲ့ ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏ ပိုမိုများပြားလာသည့်အတွက် ဝန်နဲ့အား မမျှမတဖြစ်နေမှုနဲ့ပတ်သက်၍ ဖွဲ့စည်းပုံဝန်ထမ်းအင်အား သုံးပုံနှစ်ပုံထက် ကျော်လွန်ခန့်ထားရေးကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ၉-၃-၂၀၁၈ ရက်စွဲပါစာအမှတ် ၁၅/၁၅၂-ညွှန်ကြား/အဖရ(၂၀၁၆)ဖြင့် ခွင့်ပြုချက်လည်း ရရှိပြီးဖြစ်ပါတယ်။ အသစ်ပြင်ဆင် ပြဋ္ဌာန်းထားတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေများအရ ပေးအပ်လာသည့် တာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဤရုံး၏မူလဖွဲ့စည်းပုံ (၁၀၈၆၀)နေရာအား ပြောင်းလဲမှု မရှိစေပဲ ရာထူးအခေါ်အဝေါ်နှင့် ရာထူးအဆင့်များအား ပညာရှင်ဝန်ထမ်းအဆင့်နှင့်အညီ ပြင်ဆင်၍ ဖွဲ့စည်းပုံအပြည့် ခန့်ထားရန် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ ဖွဲ့စည်းပုံအပြည့် ခန့်ထားနိုင်ခွင့်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၇ ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ခန့်ထားခွင့်ပြုနိုင်ပါရန် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ပြင်ဆင်ဖွဲ့စည်းခွင့် ကူးပြောင်းကာလ (၆)လဖြစ်သော ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အတွင်း ဆောင်ရွက်၍ ခွင့်ပြုချက် ရရှိပြီးမှသာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လစာခေါင်းစဉ်မှ ဘဏ္ဍာငွေ ခွင့်ပြုရန်ပုံငွေများ

တောင်းခံသုံးစွဲသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုသည့် ဘောင်အတွင်းမှသာ ဝန်ထမ်းများ ခန့်ထားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သစ်တော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ သစ်တောဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**သစ်တောဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈- ၃၃၃

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇွန်လ ၆ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် သစ်တောဥပဒေကြမ်းကို ၁၆-၅-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးတို့က ၂၃-၅-၂၀၁၈ ရက်နေ့နှင့် ၂၅-၅-၂၀၁၈ ရက်နေ့တို့မှာ အကြံပြု ဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ အကြံပြု ဆွေးနွေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များတို့နှင့် ၁-၆-၂၀၁၈ ရက်နေ့နှင့် ၄-၆-၂၀၁၈ ရက်နေ့တို့မှာ ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ သစ်တောဥပဒေကြမ်းအပေါ် အကြံပြု ဆွေးနွေးခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးတို့နှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ထပ်မံ ဖြည့်စွက်သင့်တဲ့ ပြင်ဆင်ချက်တွေကို ညှိနှိုင်းသဘောတူညီခဲ့ကြတဲ့အတွက် အဆိုပါပြင်ဆင်ချက် တွေကို အပြည့်အစုံ ကန့်လန့်ဖြတ်ဇယားနှင့် ကိုယ်စားလှယ်များထံ ပူးတွဲတင်ပြထားပြီး ဖြစ်ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အကြံပြုဆွေးနွေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီး ဌာန၊ အမျိုးသားလွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်တဲ့ အတွက် ဥပဒေကြမ်းကော်မတီရဲ့ မူလပြင်ဆင်ချက်များနှင့်အတူ ယခု ထပ်မံပြင်ဆင်ချက်များကို

အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ရန်အတွက် အစီရင်ခံစာ တင်သွင်းအပ်ပါတယ်ရှင်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော သစ်တောဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သစ်တောဥပဒေကြမ်းကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂(င)(ဇ)(ဈ)(ဋ)(ဍ)(ပ)(တ)(ဖ) တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂(င)(ဇ)(ဈ)(ဋ)(ဍ)(ပ)(တ)(ဖ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ -

အပိုဒ် ၄ ရဲ့ ခြေဆင်း၊ အပိုဒ် ၄(င)၊ အပိုဒ် ၅ ရဲ့ ခြေဆင်း၊ အပိုဒ် ၅(စ)၊ အပိုဒ် ၆(ခ)မှ (င)အထိ၊ အပိုဒ် ၇ ရဲ့ ခြေဆင်း၊ အပိုဒ် ၇(က)(ခ)(ဃ) တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၄(င)၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅(စ)၊ အပိုဒ် ၆(ခ)မှ (င)အထိ၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇(က)(ခ)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ -

အပိုဒ် ၉(င)(စ)၊ အပိုဒ် ၁၂(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၇၊ အပိုဒ် ၂၃(ခ)(၃)၊ အပိုဒ် ၂၆(ခ) တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉(င)(စ)၊ အပိုဒ် ၁၂(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၇၊ အပိုဒ် ၂၃(ခ)(၃)၊ အပိုဒ် ၂၆(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ -

အပိုဒ် ၃၃(က)(၂)၊ အပိုဒ် ၃၃(ခ)၊ အပိုဒ် ၄၃(ဂ)၊ အပိုဒ် ၄၆၊ အပိုဒ် ၅၈(က)(ခ) တို့ကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၃(က)(၂)၊ အပိုဒ် ၃၃(ခ)၊ အပိုဒ် ၄၃(ဂ)၊ အပိုဒ် ၄၆၊ အပိုဒ် ၅၈(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်တွေနဲ့ အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂(ဂ)၊ အပိုဒ် ၃၈၊ အပိုဒ် ၅၀(က) တို့မှာ ဖော်ပြထားတဲ့ ဝန်ကြီး ဆိုတဲ့ စကားရပ် သုံးနေရာကနေအပ ဥပဒေကြမ်း တစ်ခုလုံးမှာပါရှိတဲ့ ဝန်ကြီး ဆိုတဲ့ စကားရပ်တွေကို ဝန်ကြီးဌာန ဆိုတဲ့ စကားရပ်နဲ့ ပြောင်းလဲ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဝန်ကြီးဌာန ဆိုသည့်စကားရပ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၄၁(ဃ) ကိုတော့ လိုအပ်မှု မရှိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားတဲ့ -

အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈(က) တို့ကိုတော့ အဆိုပြုပြင်ဆင်ဒွန်းချက်အတိုင်း လွှတ်တော်က ဆက်လက် အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု လွှတ်တော်က ဆောင်ရွက်ပြီးစီးသွားတဲ့ ပြင်ဆင်ချက်တွေမှအပဖြစ်တဲ့ ကျန်တဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်များကိုတော့ လွှတ်တော်က ဆက်လက် အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဦးမော်သန်း (ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း က မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအား ဆွေးနွေး စဉ်းစားရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။　　။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဗိုလ်မှူးချုပ်တင့်လွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် တင့်လွင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အစီရင်ခံစာကို ဖတ်ကြားရှင်းလင်း သွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
## စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၈ -၂၈၆
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ မေလ ၂၄ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင် ဆွေးနွေးနိုင်ရန်အတွက် ၂၀-၄-၂၀၁၈ ရက်နေ့တွင် ပေးပို့လာ ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်များနှင့် ၂၁-၅-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ဥပဒေရေးထုံး ညီညွတ်မှုရှိစေရန်အတွက် အဆိုပြု ပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၂၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဗ)တွင် ဖော်ပြထားသော စကားရပ်များအစား ပြည်ထောင်စု အဆင့်အဖွဲ့အစည်း ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စု အစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါ ဥပဒေတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်းများကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က

ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့ကိုလည်းကောင်း ဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဂ) တွင် ဖော်ပြထားသော ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆိုသည့် စကားရပ်ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်မလိုဘဲ ဆောင်ရွက်ခွင့်ရှိသော ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ) တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မခွဲ(စ)ပါ ပြည်ထောင်စုဝန်ကြီးဌာန ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဆိုသည့် စကားရပ်ဖြင့် အသီးသီး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၁၂၊ ပုဒ်မ ၄၅-က တွင် ဖော်ပြထားသော အစိုးရဌာန အဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် စာရင်းများ ဆိုသည့်စကားရပ်ကို အစိုးရဌာန အဖွဲ့အစည်းများက တောင်းဆိုလာသည့် လုပ်ငန်းနှင့် စာရင်းများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၇၊ ပုဒ်မ ၈၃ တွင် ဖော်ပြထားသော စကားရပ်များအစား မည်သူမျှ ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဍ)ပါ လုပ်ငန်းများနှင့်စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၁ တွင် ဖော်ပြထားသော စကားရပ်များအစား မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ ပုဒ်မ ၉၅ ပါ ပုဒ်မ ၈၈ ဆိုသည့် စကားရပ်ကို စာရင်းလုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို ပုဒ်မ ၈၈ နှင့် ၈၈-က ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၉၅ ၏ နောက်တွင် ပုဒ်မ ၉၅-က အဖြစ် မည်သူမဆို ပုဒ်မ ၈၈-ခ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၂၂၊ ပုဒ်မ ၉၆၊ ပုဒ်မခွဲ(ဂ) တွင် ဖော်ပြထားသော လျှဒါန်းပစ္စည်းများ ဆိုသည့် စကားရပ်ကို လှူဒါန်းသည့် ငွေကြေးပစ္စည်းများ ဆိုသည့် စကားရပ်ဖြင့်လည်း ကောင်း အသီးသီး ပြင်ဆင် ဖြည့်စွက်သင့်ကြောင်းနှင့် အဆိုပြု ပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၂၃ အား မလိုအပ်၍ ပယ်ဖျက်သင့်ပါကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့်

အသေးစိတ်ဆွေးနွေး ပြင်ဆင်ခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၈-၆-၂၀၁၈ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။ (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၉။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝင်ပုဂ္ဂိုလ်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေနဲ့ စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာတဲ့ ပြင်ဆင်ချက်အပေါ်မှာသော်လည်းကောင်း၊ မူရင်းဥပဒေနဲ့ နည်းဥပဒေအပေါ်မှာသော်လည်းကောင်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး ကျွန်တော်တို့ နည်းဥပဒေ ၂၈ နဲ့ စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ အတည်ပြုချက်နဲ့ ပေးပို့လာတဲ့ ဒီ နည်းဥပဒေ ၂၈ မှာ စုပေါင်းပိုင် အဆောက်အအုံ တည်ဆောက်လုပ်ရာတွင် ဝန်ကြီးဌာနက သတ်မှတ်သည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်သော်

လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားတဲ့ စံချိန်စံညွှန်း သတ်မှတ်ချက်များနဲ့သော်လည်းကောင်း၊ သက်ဆိုင်ရာဒေသမှ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်သော်လည်းကောင်း ညီညွတ်ရမယ်ဆိုပြီးတော့ ပြဋ္ဌာန်းထားတဲ့အပေါ်မှာ ကျွန်တော်တို့ ဥပဒေဆိုတာ ရေပက်မဝင်အောင် စေ့စေ့စပ်စပ် ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းနိုင်ဖို့လိုအပ်တဲ့အတွက် ကျွန်တော်တို့ ဒီနည်းဥပဒေမှာ မူလအခြေခံ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ညီညွတ်ရမည့်အပြင် ဆိုပြီးတော့ ပြီးမှ ကျွန်တော်တို့ ဝန်ကြီးဌာန၊ အစိုးရ၊ စည်ပင်သာယာရေးအဖွဲ့ရဲ့ သတ်မှတ်ချက်တွေနဲ့လည်း ညီညွတ်ရမယ်ဆိုပြီးတော့ ပြင်ဆင်ဖြည့်စွက်ဖို့ အကြံပြုဆွေးနွေးလိုပါတယ်။

ဒုတိယအချက် တင်ပြလိုတာကတော့ ကျွန်တော်တို့ မူလ ဒီဥပဒေကြီးမှာ ပုဒ်မ ၂၄(ဂ)မှာ စုပေါင်းပိုင် အဆောက်အအုံရဲ့ (၄၀)ရာခိုင်နှုန်းထက် မပိုတဲ့ အိမ်ခန်းများကိုလို့ ကျွန်တော်တို့ နိုင်ငံခြားသားတွေကို ရောင်းချခွင့်ပြုထားတဲ့ ပြဋ္ဌာန်းချက်မှာ အိမ်ခန်းများကိုလို့ အတိအလင်း ပြဋ္ဌာန်းထားပါသော်လည်း နည်းဥပဒေ အပိုဒ် ၃၄ မှာ စုစုပေါင်း ကြမ်းခင်းဧရိယာ၏ (၄၀)ရာခိုင်နှုန်းထက်ပိုပြီးတော့ နိုင်ငံခြားသားတွေ ရောင်းခွင့်မရှိဘူးလို့ ကျွန်တော်တို့ ရေးသားထားခြင်း၊ ဖော်ပြထားခြင်း၊ ပြဋ္ဌာန်းထားခြင်းဟာဖြင့် မူလဥပဒေပြဋ္ဌာန်းချက်က အိမ်ခန်းလို့ ဆိုလိုပြီးတော့ နည်းဥပဒေမှာ ကြမ်းခင်းဧရိယာလို့ ဆိုလိုတဲ့အတွက် (၄၀)ရာခိုင်နှုန်းချင်းတူပေမယ့်လည်း ဒါသည် ဥပဒေနဲ့ကိုက်ညီခြင်း မရှိပါဘူး။ လိုအပ်ရင် ဥပဒေကို ပြင်ဖို့ပဲရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကလည်း သင့်လျော်သလို ပြင်ဆင်ဖို့လိုအပ်တယ်ဆိုတာ လေးစားစွာ အကြံပြုဆွေးနွေးလိုပါတယ်။

နောက်တစ်ချက် ဆွေးနွေးချင်တာကတော့ ကျွန်တော်တို့ နည်းဥပဒေ ပြင်ဆင်ချက်မှာ ၄၅(က) လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ စုပေါင်းပိုင် အဆောက်အအုံ တည်ဆောက်သည့် စီမံကိန်းကာလအတွင်းနှင့် စီမံကိန်းပြီးစီးပြီး (၂)နှစ်ကာလအတွင်း တည်ဆောက်ပြီးအိမ်ရာများကို ထိန်းသိမ်းစောင့်ရှောက်ရမယ်၊ ကျွန်တော်တို့ တည်ထောင်သူက ထိန်းသိမ်းစောင့်ရှောက်ရမယ်၊ (၂)နှစ် ပြည့်ပြီးသော်လည်း ယာယီအဖွဲ့ မဖွဲ့စည်းနိုင်သေးမီကာလအတွင်းမှာလည်း တည်ဆောက်သူကပဲ ဒါတွေကို ထိန်းသိမ်းစောင့်ရှောက်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ (၂)နှစ်ကျော်ရော ဘယ်သူက ထိန်းသိမ်း စောင့်ရှောက်ရအုံးမလဲလို့ ပြောတော့ အဲဒီထဲမှာ ဥပဒေထဲမှာတော့ မပါတော့ပါဘူး။ အဲဒီလို ဘယ်အချိန်၊ ဘယ်ကာလအထိ ကျွန်တော်တို့ ယာယီအဖွဲ့မပေါ်မချင်း၊ ကျွန်တော်တို့ ဒီအိမ်ရာတွေကို ထိန်းသိမ်းစောင့်ရှောက်ရမယ်လို့ သဘောသက်ရောက်နေတဲ့အတွက် ဒီလို (၂)နှစ်တို့၊ (၁)နှစ်တို့ ပြဋ္ဌာန်းထားမယ့် အစား ဘယ်နှစ်နှစ်အထိ တည်ဆောက်သူက ထိန်းသိမ်းစောင့်ရှောက်ရမယ်လို့ မပါတဲ့အတွက် ယာယီအဖွဲ့မပေါ်မချင်း တည်ထောင်သူကနေပြီးတော့ ဒီထိန်းသိမ်းစောင့်ရှောက်ရမယ် ဆိုတဲ့သဘောပြဋ္ဌာန်းဖို့ လိုအပ်တယ်လို့ ဆွေးနွေးလိုပါတယ်။

အဲဒီလိုဆိုရင် တည်ထောင်သူအနေနဲ့ ကျွန်တော်တို့ အတိုင်းအဆမရှိ တာဝန်ကြီးလေးနေမှာ ဖြစ်တဲ့အတွက် ဒီမူလနည်းဥပဒေ ၄၆ မှာ အိမ်ခန်းတွေရဲ့ နေထိုင်သူအနည်းဆုံး (၃၀)ရာခိုင်နှုန်း ကျွန်တော်တို့ ပြည့်လို့ရှိရင် ဒီယာယီအဖွဲ့၊ ဒီထိန်းသိမ်းစောင့်ရှောက်တဲ့အဖွဲ့ကို ဖွဲ့စည်းနိုင်တယ်လို့ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် ဒီနည်းဥပဒေ ၄၅(က) ပြင်ဆင်ချက်မှာ နေထိုင်သူ(၃၀)ရာခိုင်နှုန်း

ပြည့်သည်နှင့် တည်ထောင်သူအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်မရှိစေရဆိုတဲ့ ပြင်ဆင်ချက်မျိုးလည်း ကျွန်တော်တို့ ပြင်ဆင်ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်တော် ဆွေးနွေး တင်ပြလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၅ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၂း၀၄ နာရီအချိန်တွင် ရပ်နားပါသည်။]